ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ သောကြာနေ့၊ (25-5-2012)(၇၁၃၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဂျင်တီးနားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　　မေ　၂၅

၂၀၁၂ ခုနှစ် မေ ၂၅ ရက်တွင်ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ သမ္မတ မဒမ် ခရစ်စတီးနား ဖာနန်ဒက်(ဇ်) ဒယ် ကစ်ချ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပိမိနိုင်ငံ၏သမိုင်းကြောင်း၊ ရေမြေသဘာဝ၊ အမျိုးသားစရိုက်လက္ခဏာများနှင့်အညီ ဆီလျော်ကောင်းမွန်သောစနစ်ကို ကျင့်သုံးနေ အခက်အခဲများ၊ စိန်ခေါ်မှုများရှိလာနိုင်ပြီး ရည်မှန်းချက်ကို လွယ်လွယ်ဖြင့်ရောက်ရန် မဖြစ်နိုင်သည်ကိုလည်း မျှော်လင့်ထား

နေပြည်တော်　　မေ　၂၄

ဥရောပသမဂ္ဂ ပါလီမန်ဥက္ကဋ္ဌ Mr. Martin Schulz နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ပါလီမန်များ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၃ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း သက်ဆိုင်ရာနိုင်ငံများ၏ ပါလီမန်အကြီးအကဲများ၊ သက်ဆိုင်ရာနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးများနှင့် တွေ့ဆုံပြီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် သက်ဆိုင်ရာ မြန်မာသံအမတ်ကြီးများလည်း တက်ရောက်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၀ ရက် နံနက် ၈ နာရီတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဥရောပသမဂ္ဂ ပါလီမန်အဆောက်အအုံ၌ ဥရောပပါလီမန်ဥက္ကဋ္ဌ Mr. Martin Schulz နှင့်တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဥရောပသမဂ္ဂကောင်စီရုံး အဆောက်အအုံ၌ ဥရောပကောင်စီ ဥက္ကဋ္ဌ Mr. Herman Van Rompuy နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းနောက် မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ဥရောပပါလီမန်အဆောက်အအုံ၌ ဥရောပသမဂ္ဂ ကော်မရှင်ဥက္ကဋ္ဌ Mr. Jose Manuel Barroso နှင့် တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ ညနေ ၅ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥရောပသမဂ္ဂ အဆောက်အအုံ၌ ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးဆိုင်ရာ အကြီးအကဲ Ms. Catherine Ashton နှင့် တွေ့ဆုံဆွေးနွေးသည်။

မေ ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်၍ "Myanmar One Year after the Elections" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ရာ ဘရပ်ဆဲလ်မြို့ရှိ သံတမန်များ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ သုတေသီများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

မေ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Dider Reynders နှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Flemish ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် (Minister-President) Mr. Kris Peeters နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မေ ၁၀ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ဥရောပသမဂ္ဂ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

တွေ့ဆုံဆွေးနွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သောအဖွဲ့နှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးဆိုင်ရာ အကြီးအကဲ Ms. Catherine Ashton တို့ ဥရောပသမဂ္ဂ အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

အင်တာနက် ကျန်းမာရေး >> ဇင်ထူး

အရိုးသန်မာစေလို၍ ကယ်လ်ဆီယမ်စားသုံးသူများ နှလုံးရောဂါအန္တရာယ်ကြီးမား

အရိုးပါးခြင်းကို ကာကွယ်ရန်နှင့် အရိုးများ သန်မာစေရန်အတွက် ကယ်လ်ဆီယမ် ဆေးဝါးသုံးစွဲသူများမှာ ရုတ်တရက် နှလုံးဖောက်ပြန်သည့်အန္တရာယ် အလွန်ကြီးမားကြောင်း သုတေသီများက သတိပေး ပြောကြားလိုက်သည်ဟု မေ ၂၄ ရက်ထုတ် နှလုံးရောဂါဂျာနယ် (The Journal Heart) တွင် ဖော်ပြထားသည်။

အသက် ၃၅ နှစ်နှင့် ၆၄ နှစ်ကြား အရွယ်ရှိသော လူဦးရေ ၂၄၀၀၀ ခန့်ကို လေ့လာခဲ့ရာတွင် ကယ်လ်ဆီယမ်ဆေးကို ပုံမှန်သုံးစွဲသူများသည် သုံးစွဲခြင်းမရှိသူများထက် ၈၆ ရာခိုင်နှုန်း ပို၍ နှလုံးဖောက်ပြန်မှု (heart attack) ဖြစ်နိုင်ကြောင်း တွေ့ရှိရသည်ဟု လေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။ ကယ်လ်ဆီယမ်ဆေး စားသူများသည် မည်သည့်ဗီတာမင်ဆေးဝါးမျှ မစားသူများထက် နှလုံးဖောက်ပြန်မှုဖြစ်နိုင်ခြေ နှစ်ဆပိုသည်ဟုလည်း ဆိုသည်။ ကယ်လ်ဆီယမ်သုံးစွဲခြင်းသည် ကျောက်ကပ်တွင် ကျောက်တည်ခြင်းနှင့် ဗိုက်ရွဲခြင်းတို့နှင့်လည်း ဆက်နွယ်လျက်ရှိသည်ဟု အခြားလေ့လာချက်များအရ သိရှိရကြောင်း ဖြင့် အမျိုးသားကျန်းမာရေး အင်စတီကျူက ထုတ်ပြန်သည်။

ကယ်လ်ဆီယမ်ကို ဆရာဝန်များနှင့် ပြည်သူများက အရိုးများ သန်မာရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲကြကြောင်း၊ မိမိတို့အနေဖြင့် ကယ်လ်ဆီယမ်သုံးစွဲမှုများကို ပြန်လည်သုံးသပ်ပြီး အစာအာဟာရ မျှတစွာ စားသုံးခြင်းဖြင့်သာ ရယူသင့်ကြောင်း စာတမ်းရှင်များက ရေးသားထားကြပြီး ပြည်သူများအနေဖြင့် ထုံးခေတ်ကြွယ်ဝသော အစားအစာများဖြစ်သည့် နို့၊ ဒိန်ခဲနှင့် စိမ်းသော ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးသင့်သည်ဟု အကြံပြုထားသည်။

အဆိုပါ လေ့လာမှုစီမံကိန်းကို ဂျာမနီနိုင်ငံတွင် ၁၉၉၀ ပြည့်လွန်နှစ်များမှစတင်၍ ၁၁ နှစ်ကြာပြုလုပ်ခဲ့ရာ အဆိုပါကာလအတွင်း

စောင့်ကြည့်လေ့လာခဲ့သူ လူ ၂၄၀၀၀ ခန့်တွင် နှလုံးဖောက်ပြန်မှု ၃၅၄ ခု၊ လေဖြတ်မှု ၂၆၀ တို့ ဖြစ်ပွားကာ ယင်းနှင့်ဆက်စပ်၍ လူ ၂၆၇ ဦး သေဆုံးခဲ့သည်။

ကြေးမုံစာတည်းရှုထောင့် ၂၅-၅-၂၀၁၂[သောကြာနေ့]။

ဆင်းရဲတွင်းလွတ်ကင်းအောင်

ထေရဝါဒမြတ်ဗုဒ္ဓ၏ သာသနာတော်ကို သက်ဝင်ယုံကြည်ကြသည့် မြန်မာလူမျိုးများသည် ဒါနပြုရန်စေတနာထက်သန်ကြသည်။ လူသားအချင်းချင်း မေတ္တာထားတတ်သည့်စိတ်၊ ကိုယ်ချင်းစာစိတ်ထားတတ်ကြသဖြင့် မြင့်မြတ်သောစိတ်ထားရှိသူများဖြစ်ကြသည်။ အတ္တစိတ်၊ ပရစိတ်၊ မျှတစွာ ထားရှိနိုင်သူတို့သည် လောကကိုအလှဆင်နေကြသူများပါပင်။

မိဘပြည်သူတို့၏အသံကို နားစွင့်ကာ နိုင်ငံတော်က ဆင်းရဲမွဲတေမှုပပျောက်ရေး ဘက်ပေါင်းစုံမှ ထိန်းညှိကိုင်တွယ်ဆောင်ရွက်လျက်ရှိနေသည်။ မိမိတိုင်းပြည်တိုးတက်ရန် စိတ်စေတနာအမှန်ထားရှိသော တိုင်းကျိုးပြည်ပြုတိုးတက်မှုရရှိရေးအတွက် နိုင်ငံ့အရေး၊ လူမှုအရေး ဆောင်ရွက်ကြမည့်အဖွဲ့သစ်များကလည်း အချင်းချင်းသဘောထားနှင့် ရည်မှန်းချက်တို့ ညီမျှမှုကို ဗဟိုပြုကာ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးများဝေဆာအောင် လက်တွေ့ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်သည်။

အကောင်းမြင်သူများနှင့် အမြင်ကောင်းရရှိရေး လက်တွဲလုပ်ဆောင်ကြလျှင် ကမ္ဘာမှာ "မြန်မာဟေ့"ဟု ထုဆစ်ပုံဖော်ပြီး မကြာမတင်မှာပင် နေပျော်သည့်လောကသစ်သို့ ရောက်ရမည်မှာ မလွဲပါတည်း။

ဆိုလိုသည်မှာ ချမ်းသာကြွယ်ဝသည့် မြန်မာတိုင်းရင်းသားများက ဆင်းရဲမွဲတေနေကြသော တိုင်းရင်းသားပြည်သူ လူများစုတို့အား နိုင်ငံတော်နှင့်အကြံကောင်း၊ ဉာဏ်ကောင်းများရယူကာ ထိရောက်မည့် "လူမှုဖူလုံရေး"၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုရေးကိစ္စအဝဝကို အနီးကပ်ချဉ်းကပ်လေ့လာစိစစ်လျက် ပံ့ပိုးပေးသွားမည်ဆိုလျှင် အစစ ဆင်းရဲတွင်းနက်နိမ့်ကျနေမှုများ ထူးခြားစွာ လျော့နည်းလာပေမည်။

သုံးသပ်ရှုမြင်မိသည်မှာ ယခုကာလ အထင်ကရရှိနေကြသော နာရေးကူညီမှုအသင်း၊ ထွန်း(ကင်ဆာ)ဖောင်ဒေးရှင်း၊ အမေ့အိမ်ပညာဒါနကျောင်းများကွန်ရက်၊ မန္တလေးမြို့ သုခချမ်းသာအသင်း၊ ရန်ကုန်၊ မန္တလေး သွေးလှူရှင်များအသင်း၊ စေတနာအဖြူရောင်လက်များအသင်း၊ ပြေတီဦးပညာရေးဖောင်ဒေးရှင်း၊ ထွန်းဖောင်ဒေးရှင်း စသည်ဖြင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များမှာ မုဒိတာပွားဖွယ်ဖြစ်သည်။

၎င်းအသင်းအဖွဲ့ပေါင်းများစွာအနေဖြင့် စုစည်းညီညာစွာဖြင့် သဒ္ဓါစိတ် မျိုးကောင်းမျိုးသန့်စိတ်တို့ပေါင်းရုံးကာ မြန်မာနိုင်ငံတွင် လူမှုဖူလုံရေးပန်းဥယျာဉ်ကြီးအဖြစ် အားကောင်းမောင်းသန်ပါဝင်လာပါက ဆင်းရဲမွဲတေမှု လျင်မြန်စွာ လျော့နည်းသွားမည့်အကြောင်းဖြစ်သည်။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်သူများအတွက် လိုအပ်သောငွေကြေးနေကို နိုင်ငံတော်မှ ထည့်ဝင်သကဲ့သို့ လူမှုရေးအသင်းအဖွဲ့များအားလုံးကလည်း ပေါင်းရုံးကာ ညီညာဖြိုဖြို ပူးပေါင်းပါဝင်ကြခြင်းဖြင့် မြန်မာ့လူ့ဘောင်လောကသစ်သည် ပိုမို၍ လျင်မြန်စွာတောက်ပြောင်လာမည်ဟု ရှုမြင်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၁၂ ခုနှစ် မေ ၂၅ ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟက်တာ တီမာမန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၅-၅-၂၀၁၂ (သောကြာနေ့)

၇း၁၀	တရားတော်		ကြိုးဝိုင်းစကား
၈း၁၅	ဇာတ်လမ်းတို	၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
၄း၄၀	လျှပ်တစ်ပြက်		**"ကြယ်စင်နိမိတ်နှင့်**
၄း၅၅	အိုင်စီတီသုတ		**သက်ကယ်မား"**
၅း၀၅	သာယာသီကြွေး		**(အပိုင်း-၂)**
	ခေတ်ဆန်းတေး		-ယနေ့ရန်ကုန်မြင်ကွင်းစုံ
၅း၃၀	လည်မယ်. . . စားမယ်		-သံစဉ်များနှင့်ကမ္ဘာ
	ကမ္ဘာတစ်ခွင်ဝယ်		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
၆း၃၀	"ရွှာ"ဟာသဇာတ်လမ်းတွဲ		**"နေမင်းကဲ့သို့**
	-အမေ့ဆန္ဒ		**ထွန်းလင်းသော"**
	(နိုင်ဝင်း၊ သူရဇ္ဇ၊		**(အပိုင်း-၁)**
	သန်းသန်းစိုးနှင့်		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
	သရုပ်ဆောင်များ)		**"သမုဒယနှောင်ကြိုး"**
၆း၄၅	စောင့်မျှော်ရှုစား		**(အပိုင်း-၃၂)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ဒိန်းမတ်နိုင်ငံနှင့် AP သတင်းဌာနတို့မှ ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား AP သတင်းဌာန (Associated Press) မှ Asia- Pacific Editor, Mr. Brian James Carovillano ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ဒိန်းမတ်နိုင်ငံ International Media Support မှ Executive Director, Mr. Jesper Hojberg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ AP သတင်းဌာန (Associated Press) မှ Asia- Pacific Editor, Mr. Brian James Carovillano ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် မီဒီယာပိုင်းဆိုင်ရာ

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၄ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၄၀. ၀၀၀	၀. ၀၀၁၂၀
ထိုင်း (ဘတ်)	၃၁. ၅၆၅၀	၀. ၀၃၁၆၀
တရုတ် (ယွမ်)	၆. ၃၄၉၀၀	၀. ၁၅၇၅၁
အိန္ဒိယ (ရူပီး)	၅၅. ၆၀၅၀	၀. ၀၁၇၉၈
မလေးရှား (ရင်းဂစ်)	၃. ၁၄၉၅၀	၀. ၃၁၇၅၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၃၇၀	၀. ၇၈၅၁၁
ဂျပန် (ယန်း)	၇၉. ၄၈၀၁	၀. ၀၁၂၅၈
တောင်ကိုရီးယား(ဝမ်)	၁၁၇၇. ၆၂	၀. ၀၀၀၈၅
ယူရို	၀. ၇၉၃၇၂	၁. ၂၅၉၈၈
ဗြိတိသျှ (ပေါင်)	၀. ၆၃၆၃၄	၁. ၅၇၁၄၈

အင်တာနက်။

ဗီယက်နမ်အသံလွှင့်ဌာန (VOV) မှ ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော် ဖူးမြော်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလေ့လာ

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အသံလွှင့်ဌာနမှ Director Mr. Nguyen Chu Nhac ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတော်သံစုံတီးဝိုင်းတီးခတ်မှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အသံလွှင့်ဌာန Radio the Voice of Vietnam (VOV) မှ Director Mr. Nguyen Chu Nhac ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဗီယက်နမ်အသံလွှင့်ဌာန ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ MRTV-4 မှ ညွှန်ကြားရေးမှူး ဦးမြင့်အောင်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်သံစုံတီးဝိုင်းနှင့် မြန်မာ့ဆိုင်းဝိုင်းများ၏တီးခတ်မှုကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ ကျော်ငြာဆိုင်းဘုတ်အချို့ ငါးလတိတိ အခမဲ့ကျော်ငြာခွင့်ပြု

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့တွင်ရှိသော ကျော်ငြာဆိုင်းဘုတ်များအနက်မှ အချို့ကို လာမည့်ဩဂုတ်လကုန်အထိ ငါးလတာ အခမဲ့ကျော်ငြာခွင့်ပြုပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ သတင်းရရှိသည်။

အဆိုပါ အခမဲ့ကျော်ငြာခွင့်ပေးထားသည့် ပေ ၂၀ ×၉ ပေ ယာယီဆိုင်းဘုတ်များ၊ ပေ၂၀ × ၉ပေ အောက် အရွယ်ငယ်သော ကျော်ငြာဆိုင်းဘုတ်များကို ဧပြီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အခမဲ့ကျော်ငြာခွင့်ပြုပြီး စက်တင်ဘာ ၁ ရက်တွင် မိမိအစီအစဉ်ဖြင့် မပျက်မကွက် ဖြုတ်သိမ်းပေးရမည်ဖြစ်ကြောင်း၊ ဖြုတ်သိမ်းလိုက်နာခြင်းမရှိပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြို့တော်နယ်နိမိတ်အတွင်း စိုက်ထူထားသည့် ပေ ၂၀ ×၉ ပေနှင့်အထက် အရွယ်အစားရှိသည့် ကျော်ငြာဆိုင်းဘုတ်များကို မူလနေရာ၌ပင် လက်ရှိအနေအထားများအတိုင်း ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်အကုန်ဖြစ်သော ၂၀၁၃ ခုနှစ် မတ် ၃၁ ရက်အထိ တစ်နှစ်သက်တမ်း ကျော်ငြာခွင့်ပြုမည်ဖြစ်ပြီး ငှားရမ်းခအဖြစ် တစ်စတုရန်းပေလျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ကျော်ငြာဆိုင်းဘုတ်တန်ဖိုးကို တစ်စတုရန်းပေလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သတ်မှတ်တွက်ချက်ပြီး ဆိုင်းဘုတ်ငှားရမ်းခမှ ခုနှိမ်လျက် ကျန်ရှိသော ငှားရမ်းခကိုသာ ပေးသွင်း၍ မေ ၃၁ ရက်နောက်ဆုံးထား၍ စာချုပ်ရမည်ဖြစ်ကြောင်း၊ ထိုသတ်မှတ်ရက်အတွင်း စာချုပ်ချုပ်ဆိုခြင်းမရှိပါက ဆက်လက်ငှားရမ်းလိုခြင်းမရှိဟုသတ်မှတ်ပြီး စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၆၈၀)

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် ရခိုင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် ရခိုင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များတွေ့ဆုံပွဲကျင်းပ

ရန်ကုန် မေ ၂၄

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် ရခိုင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်လွှတ်တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကော်မတီဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရေးရာကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းတို့က အမှာစကားပြောကြားကြပြီး ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဝင်များက ထပ်မံရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန
(က)	ဦးထွန်းလှအောင်	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန
(ခ)	ဦးကျော်မြင့်လှိုင်	ညွှန်ကြားရေးမှူးချုပ် ဆည်မြောင်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ဂ)	ဦးဟောက်ဒိုဆွမ်း	ညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ဃ)	ဦးအောင်ဇော်ဝင်း	ညွှန်ကြားရေးမှူးချုပ် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးအား ယင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အဆင့်မြင့် ပြည်သူ့တရားရုံး ဒုတိယဥက္ကဋ္ဌ Mr. Wang Shuliang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အဆင့်မြင့်ပြည်သူ့တရားရုံး ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂၄

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၏ ဖိတ်ကြားချက်အရ မန္တလေးမြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အဆင့်မြင့်ပြည်သူ့တရားရုံး ဒုတိယဥက္ကဋ္ဌ Mr. Wang Shuliang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးတရားလွှတ်တော်ဧည့်ခန်းမ၌ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းအားတွေ့ဆုံနှုတ်ဆက်ပြီး တရားလွှတ်တော်တွင် အမှုစစ်ဆေးကြားနာခြင်းကိုသွားရောက်ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့သည် တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် တရားလွှတ်တော် တရားသူကြီးများအားတွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေး မဟာမြတ်မုနိဘုရားနှင့် မန္တလေးတောင် ဆုတောင်းပြည့်ဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ညနေပိုင်းတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကိုယ်စားလှယ်အဖွဲ့အား Rupar Mandalar Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၅-၅-၂၀၁၂ (သောကြာနေ့)

၇း၀၀	ပရိတ်တရားတော်
၈း၂၀	"ဖွံ့ဖြိုးမှုအညီရွှေဘိုနှင့် စစ်ကိုင်းစက်ရုံများဆီ"
၄း၁၀	"ရိုးရာကျေးလက်ကစားနည်း"
၄း၂၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၄၅	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀	"တောင်သူဘဝဆတိုးအကျိုးခံစား စပ်မျိုစပါး" (အပိုင်း-၂)
၅း၄၀	"စုစည်းခံစားကမ္ဘာ့အားကစား"
၆း၂၀	ရသစုံလင်အင်တာနက်ဥယျာဉ်
၆း၅၀	"မီဒီယာခရီးသည်"
၇း၁၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆ-ဆရာရှိသေပါ" (အပိုင်း-၈)**
၈း၀၀	ပြည်တွင်းသတင်း -လျှပ်တစ်ပြက်ဟာသများ **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၈)** -သီချင်းချစ်သူ (ဇင်းဇင်း)

ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"

"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာရှာ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာ ဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ် ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မွန်ပြည်နယ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု (၂၀၁၂)ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၄

မွန်ပြည်နယ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု(၂၀၁၂)ဖွင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာလှဦးက အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးသည် သီရိမြိုင်ရပ်ကွက်၌ ယင်လုံအိမ်သာ ဆောက်လုပ်ထားမှုများနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လျှိုကျိုးမြို့တော်ဝန်နှင့် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့ တွေ့ဆုံ

ရန်ကုန် မေ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းပြည်နယ် လျှိုကျိုးမြို့ မြို့တော်ဝန် Mr. Zheng Junkang နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုးနှင့် ဗဟိုအလုပ်အမှုဆောင်များအား မေ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် အသင်းချုပ်ရုံး၌တွေ့ဆုံပြီး မော်တော်ယာဉ် အစိတ်အပိုင်းထုတ်လုပ်ရေး၊ အကြီးစားလယ်ယာသုံး မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်း၊ ဓာတုဓာတ်မြေဩဇာနှင့် သံမဏိစက်ရုံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိုလံပစ်အားကစားပွဲတော်ကာလ၌ လန်ဒန်လေကြောင်းနယ်နိမိတ်လုံခြုံရေး စစ်ဘက်ကစောင့်ကြပ်မည်

လန်ဒန် မေ ၂၄

ဗြိတိန်နိုင်ငံ၌ အိုလံပစ်အားကစားပွဲတော် လုံခြုံရေးအတွက် မြို့တော်လန်ဒန်၏ လေကြောင်းနယ်နိမိတ်ကို စစ်ဘက်က တာဝန်ယူစောင့်ကြပ်ပေးမည်ဖြစ်ကြောင်း တိုင်းမ်သတင်းစာက မေ ၂၃ရက်တွင် ရေးသားဖော်ပြသည်။

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်၏ လေကြောင်းနယ်နိမိတ်ကို စစ်ဘက်က လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းအရ စောင့်ကြပ်ပေးခြင်းမှာ ၁၉၄၅ ခုနှစ် နောက်ပိုင်း ပထမဆုံး အကြိမ်ဖြစ်သည်။

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် လန်ဒန်လေကြောင်းနယ်နိမိတ်ကို ထားရှိမည်ဖြစ်ကြောင်း၊ သို့ရာတွင် အရပ်ဘက်လေကြောင်း ထိန်းသိမ်းရေးမှူးများက အိုလံပစ်ပွဲတော်အတွက် ဝင်ရောက်လာမည့် ခရီးသည်များ အတွက် လေကြောင်းဆိုင်ရာ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနသည် လန်ဒန်လေကြောင်း နယ်နိမိတ်အတွက် လုံခြုံရေးဇုန်နယ်မြေတစ်ရပ်ကို ထူထောင်မည်ဟု မျှော်လင့်ရသည်။

အင်္ဂလန်တောင်ပိုင်း ဟမ့်ရှိုင်းယားဒေသ၌ စစ်ဘက်နှင့် အရပ်ဘက်တို့၏ ပူးတွဲထိန်းချုပ်ရေးဌာနတစ်ခုကို ဖွင့်လှစ်ရန်လည်း စီစဉ်လျက်ရှိသည်။

ဇူလိုင် ၂၇ရက်တွင် စတင်မည့် အိုလံပစ်အားကစားပွဲတော်လုံခြုံရေးအတွက် တပ်ဖွဲ့ဝင် ၄၀၀၀၀ က တာဝန်ယူမည်ဖြစ်သည်။ **အင်တာနက်။**

အမေရိကန်တပ်ဖွဲ့ဝင်များအား တရားစွဲဆိုရေး တောင်ကိုရီးယား အခွင့်အာဏာပိုရလာ

ဆိုးလ် မေ ၂၄

တောင်ကိုရီးယားနိုင်ငံသည် ရာဇဝတ်မှုကျူးလွန်သော အမေရိကန်တပ်ဖွဲ့ဝင်များအား တရားဝင် တရားစွဲဆိုခြင်းမပြုမီ ၎င်းတို့ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် စွဲချက်တင်နိုင်ပြီ ဖြစ်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူတစ်ဦးက မေ ၂၃ ရက်တွင် ပြောကြားသည်။

ယွန်ဟတ်သတင်းအေဂျင်စီ၏အဆိုအရ အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် တောင်ကိုရီးယားအခြေစိုက် အမေရိကန်တပ်ဖွဲ့များဆိုင်ရာ သဘောတူညီချက်ကို အပြောင်းအလဲတစ်ရပ်ပြုလုပ်ရန် သဘောတူခဲ့ကြကြောင်း သိရသည်။

ယခင်က တောင်ကိုရီးယားနိုင်ငံအနေဖြင့် ရာဇဝတ်မှုကျူးလွန်သော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီးမိပြီး ၂၄ နာရီအတွင်း တရားစွဲဆိုရခြင်းကြောင့် ရာဇဝတ်မှု ကျူးလွန်ပြီး အဖမ်းမခံရသူများအား ဥပဒေကြောင်းအရ တရားစွဲဆိုခံရမှုမှ ကာကွယ်ထားသကဲ့သို့ ဖြစ်ခဲ့ရသည်။

ယခုသဘောတူညီချက်အရ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ရာဇဝတ်မှုကျူးလွန်ပါက တောင်ကိုရီးယားနိုင်ငံအနေဖြင့် စုံစမ်းစစ်ဆေးမှုများအား ပိုမို၍ ထိထိရောက်ရောက် လုပ်ဆောင်နိုင်မည်ဖြစ်ရာ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်သည်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိကာလ၌ အမေရိကန်တပ်ဖွဲ့ဝင် ၂၈၅၀၀ ခန့် တောင်ကိုရီးယားနိုင်ငံ၌ အခြေစိုက်တပ်စွဲထားသည်။

မကြာသေးမီကာလကပင် တောင်ကိုရီးယားအမျိုးသမီးငယ်များအား လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှု နှစ်မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များအား တောင်ကိုရီးယားအာဏာပိုင်များက တရားစွဲဆိုထားသည်။

အင်တာနက်။

မီးလောင်မှုဖြစ်ပွားခဲ့သော
ယူအက်စ်အက်စ်မိုင်ယာမီ ရေငုပ်သင်္ဘော။

အမေရိကန် ရေငုပ်သင်္ဘောပေါ်၌ မီးလောင်မှုဖြစ်ပွား၊ ခုနစ်ဦးဒဏ်ရာရ

ဝါရှင်တန် မေ ၂၄

အမေရိကန်နိုင်ငံ မိန်းပြည်နယ်ရှိ သင်္ဘောကျင်းတစ်ခု၌ အဏုမြူစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း အမေရိကန်ရေတပ်က မေ ၂၄ရက်တွင် ပြောကြားသည်။

ယူအက်စ်အက်စ်မိုင်ယာမီအမည်ရှိ ရေငုပ်သင်္ဘောပေါ်၌ မေ ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၆နာရီခန့်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေငုပ်သင်္ဘောကို ပြုပြင်ထိန်းသိမ်းနိုင်ရန် ပို့စ်မောက်ရေတပ်သင်္ဘောကျင်း၌ လွှန်းတင်ထားချိန်အတွင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ ညဉ့်နက်ပိုင်းအထိ မီးလောင်မှု ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရေတပ်သားများနေထိုင်ရာ အခန်းများနှင့် ထိန်းချုပ်ရေး အခန်းများတည်ရှိရာ ရေငုပ်သင်္ဘော၏ရှေ့ပိုင်း၌ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားချိန်တွင် ရေငုပ်သင်္ဘောပေါ်၌ မည်သည့် လက်နက်မျှ တပ်ဆင်ထားခြင်းမရှိကြောင်း၊ ဓာတ်ပေါင်းဖိုမှာ ဘေးကင်းလုံခြုံသော အနေအထားတွင်ရှိနေကြောင်း သိရသည်။ **အင်တာနက်။**

အီရန်-အစ္စရေးပဋိပက္ခတွင်ပါဝင်ရမည့် အခန်းကဏ္ဍ ဗြိတိန်အစိုးရ ဆွေးနွေးခဲ့

လန်ဒန် မေ ၂၄

အီရန်နှင့် အစ္စရေးနိုင်ငံတို့အကြား စစ်ရေးပဋိပက္ခ ပေါ်ပေါက်လာပါက ဗြိတိန်နိုင်ငံပါဝင်ရမည့် အခန်းကဏ္ဍနှင့် ပတ်သက်၍ ဗြိတိန်အမျိုးသားလုံခြုံရေးကောင်စီက ဆွေးနွေးလျက်ရှိကြောင်း မေ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဘီဘီစီ သတင်းဌာန၏အဆိုအရ အီရန်နှင့် အစ္စရေး စစ်ရေးပဋိပက္ခအတွင်း ဗြိတိန်နိုင်ငံအနေဖြင့် မည်သည့်နည်းလမ်းနှင့် မဆို ကြားဝင်ပတ်သက်မည်ဆိုပါက ဥပဒေအရ တရားဝင်မှုရှိ၊ မရှိကို သတ်မှတ်ဆုံးဖြတ်နိုင်ရန် ဗြိတိန်အစိုးရ ဝန်ကြီးအဖွဲ့က ကြိုးပမ်းနေကြောင်း သိရသည်။

အီရန်နှင့်အစ္စရေးအကြား ဖြစ်ပေါ်လာနိုင်မည့် မည်သည့် ပဋိပက္ခကိုမဆို သံတမန် နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် မျှော်လင့်ထားသော်လည်း အကယ်၍အစ္စရေးနိုင်ငံက အီရန်၏နျူကလီးယား စက်ရုံများအားစစ်ရေးအရ တိုက်ခိုက်ခဲ့လျှင် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ဗြိတိန်အစိုးရအဖွဲ့က သုံးသပ်နေကြောင်း သိရသည်။

အီရန်နှင့်အစ္စရေးအကြောင်း စစ်ရေးပဋိပက္ခပေါ်ပေါက်လာပါက အစ္စရေးနိုင်ငံကိုသံတမန် နည်းလမ်းအရ ထောက်ခံအားပေးခြင်းမှသည် ရေတပ်အင်အားဖြင့် ကျောထောက်နောက်ခံပေးခြင်းအထိ ဗြိတိန်အစိုးရအဖွဲ့က ရည်ရွယ်သုံးသပ်ထားနိုင်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြထားသည်။

သို့ရာတွင် အီရန်ပြဿနာနှင့်ပတ်သက်၍ သံခင်းတမန်ခင်းအရ ကြိုးပမ်းအားထုတ်မှုများ အောင်မြင်ခဲ့ခြင်းမရှိလျှင် ဖြစ်ပေါ်လာမည့်အကျိုးဆက်များအတွက် လူသိရှင်ကြား ဓားကြိမ်းကြိမ်းမှုကို ကန့်ကွက်ကြောင်း အတိုက်အခံ လေဘာပါတီခေါင်းဆောင်တစ်ဦးက ပြောကြားခဲ့သည်။ **အင်တာနက်။**

နှင်းလူများ အမှန်တကယ်ရှိ၊ မရှိ ဥရောပသိပ္ပံပညာရှင်များ လေ့လာရန်ပြင်ဆင်

လန်ဒန် မေ ၂၄

နှင်းလူသတ္တဝါ (Yeti)များ အမှန်တကယ်ရှိ၊ မရှိဟူသော ပြဿနာကို ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ဒီအင်န်အေခွဲခြမ်းစိတ်ဖြာမှုနည်းပညာသစ်တစ်ရပ်အား အသုံးပြုရန် ဥရောပသိပ္ပံပညာရှင်များက စီစဉ်လျက်ရှိကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ နည်းပညာသစ်ကို အသုံးချရန် အောက်စဖို့ တက္ကသိုလ်နှင့် လော်ဆိန်းဇီဝပြတိုက်တို့မှ သိပ္ပံပညာရှင်များက နှင်းလူများထံမှ ရရှိသည်ဟု ယူဆရသော အမွေးအမှင်နမူနာ အချို့အား မျှဝေအသုံးပြုခွင့်ပေးရန် ကမ္ဘာတစ်လွှားရှိ ပြတိုက်များ၊ သိပ္ပံပညာရှင်များနှင့် နှင်းလူသုတေသီများသို့ မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

နှင်းလူခြေရာအဖြစ် ယူဆရသည့် ခြေရာကွက်ကို ပလတ်စတာဖြင့် ပုံသွန်းလောင်းရယူစဉ်။

အမွေးအမှင် အနည်းငယ်မျှ ရရှိရုံဖြင့် ဒီအင်န်အေ ခွဲခြမ်းစိတ်ဖြာမှုနည်းပညာသစ်ကို သိပ္ပံပညာရှင်များက အသုံးပြုနိုင်မည်ဖြစ်ပြီး ရလဒ်အဖြေကိုလည်း ရက်သတ္တပတ် အနည်းငယ်အတွင်း ဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒီအင်န်အေ ခွဲခြမ်းစိတ်ဖြာမှု နည်းပညာသစ်အရ အမွေးအမှင်နမူနာများသည် အမည်မသိ မျိုးစိတ်တစ်ခုမှဖြစ်ကြောင်း ဆုံးဖြတ်ပေးနိုင်သည့်တိုင် ယင်းမျိုးစိတ်သည် မျောက်ဝံ သို့မဟုတ် လူအပါအဝင် မည်သည့်မျိုးစိတ်နှင့် မည်မျှနီးစပ်နိုင်သည်ဆိုသော အချက်အား သိပ္ပံပညာရှင်များက ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။

အမွေးအမှင်ထူထပ်၍ မျောက်ဝံများနှင့် အလားသဏ္ဍာန်တူသော နှင်းလူများသည် တောနက်ကြီးများနှင့် နှင်းဖုံးတောင်တန်းများတွင် နေထိုင်ကြဖွယ်ရှိကြောင်း ယူဆထားကြသည်။

နှင်းလူများ တည်ရှိမှုကို သိပ္ပံပညာရှင်အများစုက ယုံကြည်ခြင်း မရှိသော်လည်း ကိုယ်တွေ့ကြုံသူများ၏ တင်ပြမှုများ၊ ဓာတ်ပုံများနှင့် ဗာတ်လမ်းဖြစ်ရပ်များကြောင့် နှင်းလူဒဏ္ဍာရီမှာ ယနေ့တိုင် ရှင်သန်ဆဲဖြစ်သည်။ **အင်တာနက်။**

မိုးတုဖန်တီးမှုနည်းပညာ ပိုမိုအသုံးချနိုင်ရေး တရုတ်နိုင်ငံ ကြိုးပမ်းမည်

မိုးတုဖန်တီးရန် ပြင်ဆင်နေသော တရုတ်မိုးလေဝသ ပညာရှင်များကို တွေ့ရစဉ်။

ပေကျင်း မေ ၂၄

မိုးတုဖန်တီးမှုနည်းပညာကို နောင်လာမည့် ငါးနှစ်အတွင်း ပိုမိုအသုံးချနိုင်ရန် တရုတ်နိုင်ငံက ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်မိုးလေဝသနှင့် ဇလဗေဒ စီမံအုပ်ချုပ်မှုဌာန ထိပ်တန်းတာဝန်ရှိသူတစ်ဦးက မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အရေးပေါ်အသုံးချ ဥတုရာသီအတု ဖန်တီးမှုနည်းပညာကဏ္ဍတွင် ရှေ့ဆောင်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံသည် နောက်ကျကျန်ရစ်နေသေးကြောင်း ဆင်ဟွာသတင်းဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ သဘာဝနှင့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဘေးဒုက္ခအများအပြားသည် မိုးခေါင်ရေရှားပြဿနာကို အရင်းခံကြောင်း ပေကျင်းမြို့တော်တွင် မေ ၂၂ ရက်က ကျင်းပခဲ့သော အမျိုးသားရာသီဥတုပြောင်းလဲဖန်တီးမှုဆိုင်ရာညီလာခံ၌ မိုးလေဝသပညာရှင်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

မိုးရွာသွန်းမှုဖြစ်ပေါ်စေရန် ဆေးလ်ဗားအိုင်အိုဒိုက်အမှုန်များ သို့မဟုတ် ရေခဲခြောက်များ ထည့်သွင်းတင်ဆောင်ထားသော လေယာဉ်များ၊ ဒုံးကျည်များနှင့် အမြောက်ကျည်များကို အသုံးပြုကာ တရုတ်နိုင်ငံသည် ၂၀၀၂ ခုနှစ်မှစ၍ လူလုပ်ရာသီဥတုဖြစ်စဉ် ၅၆၀၀၀၀ ဖန်တီးခဲ့သည်။

ယင်းသို့ လုပ်ဆောင်မှုကြောင့် တရုတ်နိုင်ငံတစ်ဝန်း မိုးရေတန်ချိန် ၄၈၉ ဒသမ ၇ ဘီလီယံရရှိခဲ့ပြီး စီးပွားရေးအရ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄ ဘီလီယံ ချွေတာနိုင်ခဲ့သော်လည်း သိပ္ပံနှင့် နည်းပညာကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှု နည်းပါးသောကြောင့် ရာသီဥတုဖြစ်စဉ် အတုဖန်တီးရေးကြိုးပမ်းမှုများမှာ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ကြောင်း သိပ္ပံပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။ **အင်တာနက်။**

အရေပြားပင်မဆဲလ်ကို နှလုံးကြွက်သားအဖြစ် သိပ္ပံပညာရှင်များ ပြောင်းလဲဖန်တီး

လန်ဒန် မေ ၂၄

နှလုံးချို့ယွင်းမှုဝေဒနာခံစားနေရသော ရောဂါသည်များ ထံမှ အရေပြားဆဲလ်များကိုရယူကာ ကျန်းမာသန်စွမ်းသည့် နှလုံးတစ်သျှူးများအဖြစ် အစ္စရေးအခြေစိုက် သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် ပြောင်းလဲဖန်တီးနိုင်ခဲ့ကြောင်း မေ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ ပင်မဆဲလ်ကုထုံးကို နှလုံးချို့ယွင်းနေသော ရောဂါသည်များအား ကုသရာတွင် အသုံးချနိုင်ရန် သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

အစားထိုးထည့်သွင်းမည့် ဆဲလ်များကို ကာယကံရှင် လူနာတစ်ဦးချင်းထံမှ ရယူထားခြင်းကြောင့် လူနာ၏ ရှိရင်းစွဲ ကိုယ်ခံအားစနစ်က ပြင်ပဆဲလ်များအား လက်ခံခြင်းမရှိသည့် ပြဿနာကို ရှောင်ကွင်း နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ပင်မဆဲလ်ကုထုံးကို တိရစ္ဆာန်များနှင့် ကနဦးစမ်းသပ်ရာတွင် အောင်မြင်မှုရရှိခဲ့သော်လည်း လူသားများအတွက် အသုံးချနိုင်ရန် စမ်းသပ်ကုသမှုများအား နှစ်ပေါင်းများစွာ လုပ်ဆောင်ရဦးမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

သုတေသနပညာရှင်များ၏အဆိုအရ လာမည့် ၁၀နှစ်အတွင်း ပင်မဆဲလ်အစားထိုးကုထုံးကို နှလုံးချို့ယွင်းဝေဒနာသည်များအား ကုသရာတွင် စတင်စမ်းသပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆဲလ်ပုံစံအမျိုးမျိုးအဖြစ် ပြောင်းလဲနိုင်စွမ်းရှိသော ပင်မဆဲလ်များကို ပျက်စီးနေသော အင်္ဂါအစိတ်အပိုင်း သို့မဟုတ် တစ်သျှူးများအား ပြုပြင်ကုသရာတွင် အသုံးချနိုင်ရေးအတွက် သိပ္ပံပညာရှင်များက ကြိုးပမ်းလျက်ရှိသည်။

သိပ္ပံပညာရှင်များ၏အဆိုအရ အဓိကကျသည့် ပင်မဆဲလ်ပုံစံနှစ်မျိုးရှိပြီး တစ်မျိုးမှာ သန္ဓေသားလောင်းများမှရရှိသော သန္ဓေသား ပင်မဆဲလ်နှင့် ကျန်တစ်မျိုးမှာ အရေပြား သို့မဟုတ် သွေးမှ ထုတ်ယူရရှိသည့် ပင်မဆဲလ်အမျိုးအစားဖြစ်သည်။

အင်တာနက်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံမှာကြား

ရန်ကုန် မေ ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄၄)သို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား မေ ၂၃ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ မြန်မာပြည်အနှံ့အပြားမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ နှင့် ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ချစ်ချစ်ခင်ခင်နေထိုင်၍ ပညာသင်ယူကြရန်၊ သင်တန်းပြီးဆုံးပါက မိမိ၏ နေရာဒေသ များတွင် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြန်လည်အကျိုးပြုကြရန်၊ နိုင်ငံအတွက် အားထားရသည့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်များဖြစ်အောင် ကြိုးစားသွားကြရန်နှင့် အနာဂတ်တွင် နိုင်ငံ့သားကောင်း သမီးကောင်းများအဖြစ် နိုင်ငံတော်ကို အလုပ်အကျွေးပြုခြင်းဖြင့် ကျေးဇူးဆပ်ကြရန် မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်း အမှတ်စဉ် (၄၄) သို့ တက် ရောက် မည့် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေ များ ပေးအပ်စဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာကံဇော် (၆၈)ကြိမ်မြောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အစည်းအဝေး တက်ရောက်ခဲ့

နေပြည်တော် မေ ၂၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ United Nations Convention Centre တွင် မေ ၂၁ ရက်မှ ၂၃ ရက်အထိကျင်းပသော (၆၈)ကြိမ်မြောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကတ်) (ESCAP) အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အဖွဲ့ဝင်နှင့် တွဲဖက်အဖွဲ့ဝင် ၄၇ နိုင်ငံ၊ လေ့လာသူ လေးနိုင်ငံနှင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၂၀ နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်း ၁၃ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဝန်ကြီးအဆင့် အစည်းအဝေးကို မေ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေး ကော်မရှင် အမှုဆောင်အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာ၊ ဆာမိုရာနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး Hon. Tuilaepa Lupesoliai Sailele Malielegaoi၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန H.E. Professor Tommy Koh, Ambassador at-Large တို့က အစည်းအဝေးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Yingluck Shinawatra က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးသည် မေ ၂၂ ရက်တွင် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ မူဝါဒရေးရာမိန့်ခွန်း ပြောကြားသည်။

ဝန်ကြီးများအဆင့် အစည်းအဝေး မကျင်းပမီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မေ ၁၉ ရက်တွင် ကျင်းပရာ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဘာသာရပ်များ၊ အဖွဲ့ဝင်နိုင်ငံများမှ တင်သွင်းသော လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် စီမံမှုဆိုင်ရာ အဆိုများကို ဆွေးနွေးညှိနှိုင်းကြသည်။

ဝန်ကြီးအဆင့် အစည်းအဝေးတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစည်းအဝေး ဖြစ်သော Rio+20 နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ၊ စီးပွားရေးနှင့် လူမှုရေး ဘာသာရပ်များဖြစ်သည့် macro-economic policy၊ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ အလုံးစုံ ဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ စာရင်းအင်းနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှုဘာသာရပ်များဖြစ်သော ၂၀၁၀-၂၀၁၁ ခုနှစ် အက်စကတ်၏ လုပ်ငန်းဆောင်တာများ အကဲဖြတ်မှု၊ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် အစီအစဉ်များ၊ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၆၉)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အစည်းအဝေးကျင်းပမည့်နေရာ၊ နေ့ရက်နှင့် အစည်းအဝေးခေါင်းစဉ်ဆိုင်ရာ ဆွေးနွေးမှုများပါဝင်သည့် အစည်းအဝေး အစီရင်ခံစာကို အတည်ပြုကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာကံဇော်သည် အစည်းအဝေးတက်ရောက်စဉ် အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာနှင့် ဂျပန်လွှတ်တော်ဆိုင်ရာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Joe Nakano တို့အား မေ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် သီးခြားစီတွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံနှင့် အက်စကတ်တို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ဒုတိယဝန်ကြီးသည် အက်စကတ်နှင့် စာရင်းအင်းစွမ်းရည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးရာ ဝန်ကြီးဌာန၏ စီးပွားရေးဆိုင်ရာ စာရင်းအင်းနှင့် ပတ်သက်သည့် လတ်တလော ဖြစ်ပေါ်နေသည့် အချက်အလက်များ ပြုစုရေးနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များတွင် နည်းပညာရပ်များ ပံ့ပိုးပေးရေးအတွက် ပြောကြားသည်။

ဆက်လက်၍ ရေရှည်တည်တံ့ခိုင်မြဲသည့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အက်စကတ်မှ မြန်မာနိုင်ငံနှင့် ပတ်သက်၍ မြို့ပြဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နည်းပညာရပ်များ ပံ့ပိုးပေးရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ ရှာဖွေလျက်ရှိပါကြောင်း အဆိုပြုပြောကြားသည်။ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် အာရှနှင့် ပစိဖိတ်ဆိုင်ရာ ဒေသရုံးခွဲမှ တာဝန်ရှိသူများသည် ဒုတိယဝန်ကြီးအား လာရောက်တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များနှင့် နည်းပညာအကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးသည် ဝန်ကြီးအဆင့် စားပွဲဝိုင်း ဆွေးနွေးပွဲများဖြစ်သော Growing Together : Economic Integration for an Inclusive and Sustainable Asia- Pacific Century နှင့် High Level Panel ဖြစ်သော Steering inclusive development amidst global turbulence and volatility တို့ကို တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်နှင့် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် မေ ၂၃ ရက်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ပြင်သစ် လွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် အကူအညီပေးရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော် မေ ၂၄

ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်အား ပြင်သစ်ပါလီမန် နိုင်ငံတကာရေးရာဌာနမှ Chief Administrator Mr. Alexandre Michel ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ကော်မတီအစည်းအဝေးဆောင် အမှတ်(၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လွှတ်တော်ကော်မတီများ၏တာဝန်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ မြန်မာ-ပြင်သစ် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် မေ ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

ရန်ကုန်မြို့ မြေနီကုန်းကားမှတ်တိုင်အသစ်တွင် ခရီးသွားပြည်သူများ ကောင်းစွာ နားခိုနိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများမှ နားနေဆောင်များ ဆောက်လုပ်လျှက်ရှိနေသည်ကို မေ ၂၃ ရက် ညနေ ၅ နာရီခန့်က တွေ့ရစဉ်။

(ကြေးမုံ)

အင်းလေးကန်အတွင်း ပလတ်စတစ်နှင့် အမှိုက်များကင်းစင်ရေး စုပေါင်းဆောင်ရွက်

ညောင်ရွှေ မေ ၂၄

အင်းလေးကန်အတွင်းသို့ ပလတ်စတစ်နှင့် အမှိုက်များဝင်ရောက်မှု လျှော့နည်းကင်းစင်ရေးအတွက် အင်းလေးကန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးက ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ယာပုံ)**

"အင်းလေးကန်အတွင်းသို့ အဓိကစီးဝင်တဲ့ ချောင်းကြီးတစ်ချောင်းဖြစ်တဲ့ နမ့်လတ်ချောင်းဘေး ဝဲ၊ ယာတစ်လျှောက်ရှိ ပလတ်စတစ်နဲ့အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စိတ်ဝင်စားသူများ အင်အား ၁၀၀ ကျော်တို့ဖြင့် သန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်" ဟု အင်းလေးကန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။

ဓာတုပါဝင်သော စွန့်ပစ်ပစ္စည်းများ၊ ချေဖျက်ရန် ခက်ခဲသော အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းမရှိပါက ရေထု ညစ်ညမ်းပြီး ရေနေသတ္တဝါများ သေဆုံးနိုင်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေပြီး ကျန်းမာရေးကိုလည်း ထိခိုက်နိုင်ကြောင်း၊ အင်းလေးကန် ရေပြင်ပေါ်နှင့် ကန်အတွင်း ပလတ်စတစ်နှင့် အမှိုက်များဝင်ရောက်မှု လျှော့နည်းကင်းစင်ရေးနှင့် ဒေသခံပြည်သူများ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်များ တိုးပွားလာပြီး ကိုယ်တိုင်ပါဝင်ဆောင်ရွက်လာစေရန် ယခုကဲ့သို့ စုပေါင်းပြုလုပ်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆက်လက်၍လည်း အင်းလေးကန် ဘေးမဲ့တောနှင့် ဆက်စပ်ဧရိယာများတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၆၇၃)

ပုသိမ်-မုံရွာလမ်းပေါ်ရှိ ရွှေစမ်းချောင်းတံတား မကြာမီဖွင့်လှစ်တော့မည်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၇)က တာဝန်ယူဆောက်လုပ်ခဲ့သည့် ရွှေစမ်းချောင်းတံတားကြီးမှာ တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

တံတားကြီးမှာ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်းတည်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တို့ကို ဆက်သွယ်ပေးထားသည့် ပုသိမ်-မုံရွာလမ်းမကြီး၏ မိုင်တိုင်အမှတ်(၃၄၄/၁)ရှိ ရွှေစမ်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားသည်။ ဆိပ်ဖြူ- ကဇွန်းမ- ဆော-ကန်ပက်လက်လမ်းနှင့် ပုသိမ်-မုံရွာလမ်းတို့ဆုံတွေ့ဖြတ်သန်းသည့် ကဇွန်းမလမ်းဆုံအနီးတွင်ရှိသည်။

တံတား ချဉ်းကပ်လမ်းကို တွေ့ရစဉ်။

ရွှေစမ်းချောင်းမှာ အနောက်ရိုးမမှ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည့် တောင်ကျချောင်းကြီးဖြစ်သည်။ သာမန်အချိန်တွင် ရေမရှိဘဲ သဲများသာရှိသည့် ချောင်းကောကြီးတစ်ခုသာ။ သို့ဖြစ်၍ မော်တော်ယာဉ်များ နွေရာသီတွင် ချောင်းအတွင်းမှ ဖြတ်သန်းသွားလာ၍ရသည်။ သို့သော် မိုးတွင်းကာလ အနောက်ရိုးမတွင် မိုးရွာလျှင်မူ ရေများ အရှိန်အဟုန်ဖြင့် စီးဆင်းလာတတ်သဖြင့် ဖြတ်သန်းသွားလာ၍ မရတော့ပေ။ ချောင်းတစ်ဖက်ကမ်းမှနေ၍ ရေအကျကို စောင့်ရသည်။ သာမန်မိုးသာရွာလျှင် သုံးလေးရက်ခန့် စောင့်ရသည်။ မိုးသည်းထန်လျှင်မူ ရက်သတ္တပတ်ခန့်စောင့်ပြီးမှ ဖြတ်ကူးရသည်။ မော်တော်ယာဉ်များ သွားလာမှုကို နှောင့်နှေးကြန့်ကြာစေသည်။ ထို့ကြောင့် ယာဉ်များရာသီမရွေး ဖြတ်သန်း သွားလာနိုင်ရန်အတွက် နိုင်ငံတော်က ဤတံတားကြီးကို တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ကြောင်း မေးမြန်းသိရှိရသည်။

တံတားတည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၇)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်သူက "ဒီတံတားကြီးကို ၂၀၁၀ ခုနှစ် အောက်တိုဘာလက စတင်တည်ဆောက်ခဲ့ပါတယ်။ ယခု တံတားစီမံကိန်းတစ်ခုလုံး တည်ဆောက်ပြီးစီးပြီဖြစ်လို့ ဖွင့်ပွဲအခမ်းအနားအတွက် ပြင်ဆင်ဆောင်ရွက်နေပါပြီ။ မေ ၂၇ ရက်မှာ တံတားကြီးကို တရားဝင်ဖွင့်လှစ်ပေးတော့မှာပါ"ဟု ပြောကြားသည်။

တံတားကြီးမှာ အရှည်ပေ ၉၀၀ ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိပြီး ယာဉ်သွားလမ်းတစ်ဖက်တစ်ချက်တွင် အကျယ် သုံးပေ ခြောက်လက်မရှိ လူသွားလမ်းတစ်လမ်းစီ ပါရှိသည်။ တံတားအမျိုးအစားမှာ သုည ဒသမ ၈ မီတာ အချင်းဘိုးပိုင်အုတ်မြစ်၊ အောက်ထည်မှာ သံကူကွန်ကရစ်ပိုင် ထိပ်အုပ်၊ တိုင်ကိုယ်ထည်၊ အပေါ်ထည်မှာ သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် သံပန်းလက်ရန်းဖြစ်သည်။ တံတားခန်းဖွင့်မှာ ပေ ၉၀ ရှိ အခန်း ၁၀ ခန်းဖြစ်ပြီး ရေလမ်းကင်းလွတ်နယ်မှာ အကျယ် ၇၈ ပေနှင့် အမြင့် ၅ ပေဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးညဏ်ရှိန်က တံတားကြီးမှာ ဆိပ်ဖြူမြို့နယ် သံချောင်းရွာနှင့် မန်ကျည်းစုကျေးရွာကြားတွင် တည်ရှိကြောင်း၊ တံတားတည်ဆောက်ရာတွင် ဌာနမှ ကျွမ်းကျင်လုပ်သားများအပြင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများအား လုပ်သားအဖြစ် ငှားရမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပုသိမ်-မုံရွာတိုက်ရိုက်သွားလာသည့် အဝေးပြေးမော်တော်ယာဉ်များအပြင် အနီးပတ်ဝန်းကျင်ရှိ ရှောက်ပင်အင်း၊ ကော်တုံ၊ အိုးထိန်း၊ မြောင်းသစ်စသည့် ကျေးရွာများမှ ချောက်နှင့် ဆိပ်ဖြူမြို့တို့သို့ မော်တော်ယာဉ်များဖြင့် သွားလာရာတွင်လည်း ဤတံတားကြီးကို ဖြတ်သန်းသွာလာနိုင်တော့မည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပုသိမ်-မုံရွာ လမ်းမကြီးကား မြန်မာနိုင်ငံအောက်ပိုင်းရှိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ အထက်ပိုင်းရှိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ဆက်သွယ်ထားသည့် လမ်းမကြီးဖြစ်သည်။ စုစုပေါင်းအရှည် ၄၅၀ မိုင် ၅ ဖာလုံရှိသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ မြို့ရွာများကို ဖြတ်သန်းဆက်သွယ်ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဖြတ်သန်းသွားသည်။ ဧရာဝတီအနောက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောရည်ရွယ်ချက်ဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလမ်းမကြီးကို ၂၀၁၁ ခုနှစ်က အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပြီးနောက် ယင်းလမ်းမကြီးမှတစ်ဆင့် ပုသိမ်-မုံရွာ တိုက်ရိုက်သွားလာသည့် မော်တော်ယာဉ်များနှင့် ဧရာဝတီအနောက်ခြမ်းဒေသအတွင်း ဆက်သွယ်သွားလာသည့် မော်တော်ယာဉ်များ ဥဒဟိုသွားလာလျက်ရှိသည်။ လမ်းမကြီးပေါ်၌ ရွှေစမ်းချောင်းတံတားကြီး တည်ဆောက်ပေးလိုက်ခြင်းဖြင့် မိုးရွာသွန်းချိန်တွင် ယခင်ကကဲ့သို့ ယာဉ်များအချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေစရာမလိုတော့ပေ။

အဆိုပါ လမ်းစီမံကိန်းကြီးမှာ ယခင်နှစ်များစွာကပင် အကောင်အထည်ဖော်တည်ဆောက်ခဲ့သော စီမံကိန်းကြီးဖြစ်သော်လည်း ပြီးစီးအောင်မြင်အောင် ဖောက်လုပ်နိုင်ခြင်းမရှိခဲ့ပေ။

၂၀၁၀ ခုနှစ် မတ် ၃၁ ရက်အထိ လမ်းအခြေအနေမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၇၇ မိုင်၊ ကျောက်လမ်း နှစ်ဖာလုံ၊ အမာခံလမ်း ၅၉ မိုင် စုစုပေါင်း ၁၃၆ မိုင် ၂ ဖာလုံ၊ ပဲခူးတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၄၃ မိုင် ၄ ဖာလုံ၊ မကွေးတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၈၆မိုင်၊ ကျောက်လမ်း ၂၃ မိုင်၊ အမာခံလမ်း ၇၉ မိုင်၊ မြေလမ်း ၅၆ မိုင် ၇ ဖာလုံ၊ စုစုပေါင်း ၂၄၄ မိုင် ၇ ဖာလုံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျောက်လမ်း လေးဖာလုံ၊ အမာခံလမ်း ၆ မိုင် ၅ ဖာလုံ၊ မြေသားလမ်း ၁၈ မိုင် ၇ ဖာလုံ၊ စုစုပေါင်း ၂၆ မိုင် ဖြစ်သည်။ လမ်းအရှည် စုစုပေါင်း ၄၅၀ မိုင် ၅ ဖာလုံတွင် ကတ္တရာလမ်း ၂၀၆ မိုင် ၄ ဖာလုံသာရှိပြီး ကျောက်လမ်း ၂၃ မိုင် ၂ ဖာလုံ၊ အမာခံလမ်း ၁၄၅မိုင် ၁ ဖာလုံနှင့် မြေလမ်း ၇၅ မိုင် ၆ ဖာလုံ ရှိသည်။

ယခုအခါတွင်မူကား အဆိုပါလမ်းမကြီးအား လမ်းအင်္ဂါရပ်ပြည့်မီသော မြေသားတာပေါင်လမ်း အကျယ် ပေ ၄၀ နှင့် ၁၂ ပေအကျယ် ကတ္တရာလမ်းမကြီးအဖြစ် နိုင်ငံတော်က အဆင့်မြှင့်တင် ဖောက်လုပ်ပြီးစီးခဲ့သည့်အပြင် လိုအပ်သည့်တံတားများ၊ ကွန်ကရစ်ရေပြွန်များနှင့် ရေကျော်များကိုလည်း ဖောက်လုပ်ပေးခဲ့သည်။

လမ်းမကြီးမှာ မြန်မာနိုင်ငံအောက်ပိုင်း၊ အလယ်ပိုင်းနှင့်ချင်းပြည်နယ်အပါအဝင် အထက်ပိုင်းဒေသများအတွက် အဓိကအားထားရာ၊ ကုန်စည်ကူးသန်းသွားလာရာ ဧရာဝတီမြစ်အနောက်ဘက်ကမ်း၏ မဟာဗျူဟာလမ်းမကြီးအဖြစ် ဖြစ်တည်လျက်ရှိပေပြီ။ ထို့အပြင် ရန်ကုန်-မကွေး-မင်းဘူး- အမ်း- စစ်တွေလမ်းမကြီးနှင့် ချိတ်ဆက်၍လည်း ရခိုင်ပြည်နယ်နှင့် သွားလာ ဆက်သွယ်၍ရပေပြီ။ ဧရာဝတီတံတား (ပခုက္ကူ)အား ဖြတ်သန်းသွားသည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံလမ်းမကြီးမှတစ်ဆင့် အိမ်နီးချင်း နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့လည်းကောင်း၊ မုံရွာ-စစ်ကိုင်း-မန္တလေးမှတစ်ဆင့် တရုတ်နိုင်ငံသို့လည်းကောင်း ကုန်စည်များ လုံခြုံချောမွေ့လွယ်ကူစွာ ပို့ဆောင်နိုင်ပေပြီ။ ထို့အတူ ဒေသတွင်းရှိ မြို့ရွာများမှ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကိုလည်း များစွာထောက်ကူပေးလျက်ရှိသည်။ ရွှေစမ်းချောင်းတံတားကြီး ဖွင့်လှစ်ပြီးပါက ပုသိမ်-မုံရွာလမ်းမကြီးကို အသုံးပြုနေကြသူများအတွက် သွားလာဆက်သွယ်မှုများ ပိုမိုလျင်မြန်လွယ်ကူလာစေတော့မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရွှေစမ်းချောင်း တံတားကြီးအား တွေ့မြင်ရစဉ်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ရန်ကြီးအောင်

ရွှေစမ်းချောင်း တံတားကြီးအား တွေ့မြင်ရစဉ်။

မန္တလေး၌ မီးလောင်မှုနှစ်ကြိမ်ဆက်တိုက်ဖြစ်ပွား

မန္တလေး မေ ၂၄

မန္တလေးမြို့၌ မေ ၂၃ ရက် ညအချိန်၌ မီးလောင်မှုနှစ်ကြိမ် ဖြစ်ပွားခဲ့သည်။ ပထမအကြိမ်မီးလောင်မှုမှာ ည ၈ နာရီ ခွဲက ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ် အကွက်အမှတ် ညည (၈၃) အမှတ် (၃၉)ရှိ ဦးပေါ်(ဘ) ဦးသိန်းကြွယ်၏ နေအိမ်တွင် နှစ်ပင်လိမ်ဝါယာကြိုးအပူလွန်ကဲရာမှ စတင်လောင်ကျွမ်းမှုဖြစ်ပွားသည်။ ၁၅ ပေ ပတ်လည် ထရံကာ၊ ကပ်မိုးအိမ်တွင် လောင်ကျွမ်းခြင်းဖြစ်ကာ မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၁ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၆၀ ကျော်တို့က ရောက်ရှိငြိမ်းသတ်ကြပြီး ည ၈ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားသည်။ အဆိုပါမီးလောင်မှုကို သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားသည်။

ဒုတိယအကြိမ် မီးလောင်မှုမှာ ည ၁၁ နာရီ ၄၅ မိနစ်က မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့အကွက် ၅၄၀ (၈၂) လမ်း၊ (၃၆) လမ်းနှင့် (၃၇) လမ်းကြားရှိ ဦးအောင်ဇော်လတ်(ခ) ဇော်လတ်(ဘ)ဦးဘထူး၏ အဆင့်မြင့်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းတွင် အင်ဗာတာရှိ ဘက်ထရီပေါက်ကွဲပြီး ပေ ၂၀ ၊ ပေ ၆၀ ရှိ နံကပ်နှစ်ထပ်အိမ်မီးလောင်မှုဖြစ်ပွားသည်။ **(အပေါ်ယာပုံ)** မီးလောင်ရာသို့ မီးသတ်ယာဉ် ၃၇ စီး၊

မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ ကျော်တို့ လာရောက်မီးငြိမ်းသတ်ခဲ့ကြပြီး ည ၁၂ နာရီတွင် မီးငြိမ်းသွားသည်။

အဆိုပါမီးလောင်မှုအား သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝဝ၂)

ပုသိမ်မြို့ လယ်တီရပ်ကွက်၌ မီးလောင်

ပုသိမ် မေ ၂၄

မေ ၂၃ ရက် ညနေ ၃နာရီ၂၅ မိနစ်က ပုသိမ်မြို့ အမှတ်(၂)နယ်မြေ လယ်တီရပ်ကွက် (၃)လမ်းနေ ဦးအေးကျော်-ဒေါ်နုနုယဉ်(တရားရေး)နေအိမ်၌ အိပ်ခန်းလိုက်ကာ ခန်းဆီးနှင့်ချိတ်တွဲထားသော ငါးဝပ်အားမီးလုံးမှ ရုတ်တရက်မီးအားများလာခြင်းကြောင့် မီးလုံးအပူအားပြင်းထန်ပြီး လိုက်ကာခန်းဆီးကိုမီးလောင်ရာမှ နေအိမ်နှင့်ဝန်းကျင်ရှိ လူနေအိမ်သုံးလုံးနှင့် တစ်ခြမ်းမီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ကျော်၊ မီးသတ်ယာဉ် ၁၀ စီး၊ အကျိုးဆောင်ရေသယ်ယာဉ်များ ရောက်ရှိကာ မီးငြိမ်းသတ်နိုင်မှုကြောင့် ညနေ ၃ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားသည်။

အဆိုပါမီးလောင်ခံရသည့်နေအိမ်အိပ်ခန်း၌ လေဖြတ်နေသော အသက် (၉၀) အရွယ်အဘွားအိုကို မီးသတ်တိုင်းဦးစီးမှူး ဦးမြင့်စိုးနှင့်မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်နိုင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ လူနာအဘွားအိုအစောင့် မောင်ဘိုဘိုသိုက် (၁၄)နှစ် (ဘ-ဦးအောင်ကျော်သိုက်)အား အသည်ကြီးရဲစခန်းမှ (ပ)၁၁၈/၂၀၁၂ ၊ ပုဒ်မ ၂၈၅ ဖြင့် အရေးယူထားကြောင်း သိရသည်။ (၅၂၂)

အာဆီယံရဲအဖွဲ့ ရဲချုပ်များ သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များ ညီလာခံကျင်းပပြီးစီးခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံသို့တက်ရောက်ခဲ့ကြသည့် အာဆီယံရဲအဖွဲ့ ရဲချုပ်များနှင့် သတင်းမီဒီယာများတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် Grand Ball Room ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်-ရဲချုပ်ကျော်ကျော်ထွန်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရဲချုပ်များ၊ ပြည်တွင်းဂျာနယ်များမှ သတင်းထောက်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်-ရဲချုပ်ကျော်ကျော်ထွန်းက (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ကျင်းပပြီးစီးခဲ့မှုနှင့် ညီလာခံ၌ နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့် မူးယစ်ဆေး တရားမဝင်ရောင်းဝယ်ဖောက်ကားမှု၊ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ ပင်လယ်ရေကြောင်းဆိုင်ရာ လိမ်လည်မှု၊ စီးပွားရေးဆိုင်ရာပြစ်မှုများ၊ ကွန်ပျူတာပြစ်မှုများ၊ ခရီးသွားစာရွက်စာတမ်းအတုပြုလုပ်မှု၊ နိုင်ငံဖြတ်ကျော်လိမ်လည်မှု၊ အာဆီယံရဲအဖွဲ့ သတင်းချက်အလက်များ ထိန်းသိမ်းမှုစနစ်တိုးတက်မှု အခြေအနေ၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး၊ အာဆီယံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းအင်မြှင့်တင်ရေးနှင့် သင်တန်းများဖလှယ်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံသို့တက်ရောက်ခဲ့ကြသည့် အာဆီယံရဲအဖွဲ့ ရဲချုပ်များနှင့် သတင်းမီဒီယာများတွေ့ဆုံပွဲအခမ်းအနားကို နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် Grand Ball Room ၌ ကျင်းပစဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၄

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ၂၀၁၂ ခုနှစ် မေ ၂၄ ရက်မှ ၂၈ ရက်အထိ မလေးရှားနိုင်ငံ (၄)ကြိမ်မြောက် လူငယ်အစီအစဉ်ဖြင့် ကျင်းပမည့် Young Awareness on Climate Change တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင်များဖြစ်ကြသည့် ဒေါက်တာသဲမြတ်စိုး၊ ဒေါ်ခင်မျိုးသော်၊ ဒေါ်ဖြူလွင်သန့်တို့သည် မေ ၂၄ ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်မြတ်သန္တာ၊ ဒေါ်စန်းမြင့်၊ ဒေါက်တာယုနွယ်ဝင်း၊ ဒေါ်ခင်ကြူကြူသန်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။**(ဝဲပုံ)**

(ကြေးမုံ)

စံပြလယ်မြေဧက ၁၀၀ ဖော်ထုတ်စိုက်ပျိုး

ဝါးခယ်မ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အူကျွန်းကျေးရွာတွင် စံပြလယ်မြေဧက ၁၀၀ စိုက်ကွင်း ဖော်ထုတ်၍ မြေယာများ ပြုပြင်ခြင်း၊ ထွန်ယက်ခြင်းလုပ်ငန်းများကို မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေထွန်း၊ ဒုတိယဦးစီးမှူး ဦးနေအောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယဦးစီးမှူး ဦးသန့်ဇင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ တောင်သူများတက်ရောက်အားပေးကြည့်ရှုကြသည်။**(ယာပုံ)**

ယင်းအူကျွန်းကျေးရွာ တောင်သူဦးကြီးမြင့်၏ ကွင်းအမှတ် ၁၅၄၉ (ဦးပိုင် M၇၅မြေဧက ၁၀၀ တွင် မြေယာပြုပြင်ခြင်း၊ ထွန်ယက်ခြင်း လုပ်ငန်းများအား စက်မှုလယ်ယာဦးစီးဌာန၏ ထွန်စက်များဖြင့် စနစ်တကျ ပြုလုပ်ကြခြင်း ဖြစ်သည်။

မိုးဦးမိုးများ ရွာသွန်းလာပြီဖြစ်သဖြင့် အချိန်မီ ထွန်ယက်ကြ၍ ပျိုးထောင်ခြင်းလုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်ပြီးဖြစ်သည်။

အရည်အသွေး ကောင်းမွန်သောဆန်ကောင်းဆန်သန့်များ ရရှိစေရန်အတွက် ဓာတ်မြေသြဇာနှင့် သွင်းအားစုများ အားအပြည့်အဝအသုံးပြု၍ ပေါ်ဆန်းမွှေး စပါးမျိုးအား ဧက ၁၀၀ အပြည့်စိုက်ပျိုးသွားမည်ဟု သိရသည်။

(၁၈၂)

သစ် ပင် စိုက် ပါ ဒို့ ကမ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

ပြည်သူများအတွက် သောက်သုံးရေ ဖြည့်ဆည်းပေးနိုင်သည်သာမက မြစိမ်းရောင်တောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအထောက်အကူပြု

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေး

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့သည် မြစ်၊ ချောင်းများအနီး တည်ရှိသော်လည်း သန့်ရှင်းသောသောက်သုံးရေအတွက် ရေတွင်း၊ ရေကန်များကိုသာ အဓိက အားထားအသုံးပြုရသောမြို့ဖြစ်သည်။ ပူပြင်းခြောက်သွေ့သော နွေရာသီကာလများတွင် ရေတွင်း၊ ရေကန်များ ရေခန်းခြောက်မှုဖြစ်ပေါ်ပါက သောက်သုံးရေပြတ်လပ်မှု အခက်အခဲနှင့် ကြုံတွေ့ရလေ့ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မြောင်းမြမြို့၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပြီး နောက်ပိုင်းမှစ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ စက်ရေတွင်းများ အောင်မြင်စွာ တူးဖော်နိုင်သကဲ့သို့ ရေသန့်စင်စက်လည်း တပ်ဆင်အသုံးပြုနိုင်ခဲ့ပြီဖြစ်သည်။

မြောင်းမြမြို့၌ စက်ရေတွင်းများ အောင်မြင်စွာတူးဖော်နိုင်ခဲ့မှုနှင့် စပ်လျဉ်း၍ မြောင်းမြခရိုင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေလင်းက“နာဂစ်မုန်တိုင်းဒဏ်သင့်ခဲ့တဲ့ ဒေသတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ချိန်ကစပြီး မြောင်းမြမြို့နယ်အတွင်းက ကျေးရွာတွေမှာ သောက်သုံးရေသန့်ရရှိရေးအတွက် စက်ရေတွင်းတွေ စတင်တူးဖော်ပေးခဲ့ပါတယ်။ အဲဒီအစီအစဉ်ထဲမှာ ကုန်းသာကျေးရွာအုပ်စု မြစိမ်းရောင်တောင်သာသနာ့နယ်မြေမှာ နှစ်လက်မစက်ရေတွင်း တစ်တွင်းနဲ့ ခြောက်လက်မ စက်ရေတွင်းတစ်တွင်း၊ မြောင်းမြမြို့ အမှတ် (၈)ရပ်ကွက်မှာ လေးလက်မ စက်ရေတွင်းတစ်တွင်း၊ ဇလပ်ကွင်းကျေးရွာအုပ်စု ရှုခင်းသာရှိ စွမ်းအားပရိယတ္တိတောရကျောင်းတိုက်မှာ နှစ်လက်မ စက်ရေတွင်းတစ်တွင်း စုစုပေါင်းစက်ရေတွင်းလေးတွင်း အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့ပါတယ်” ဟု ပြောကြားသည်။

မြောင်းမြမြို့ အလယ်တောရစာသင်တိုက်၌ NSF Standard အဆင့်မီ ရေသန့်စင်စက်တပ်ဆင်ထားရှိမှုကို တွေ့ရစဉ်။

မြောင်းမြမြို့နယ် ကုန်းသာကျေးရွာအုပ်စု မြစိမ်းရောင်တောင်သာသနာ့နယ်မြေတွင် နှစ်လက်မစက်ရေတွင်းတစ်တွင်းကို Bourn DRB-002 တွင်းတူးစက်ဖြင့် ၁-၇-၂၀၁၁ ရက်တွင် စတင်တူးဖော်ခဲ့ရာ ၁၀-၇-၂၀၁၁ ရက်တွင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ အဆိုပါ နှစ်လက်မ ကျောက်စရစ်ရံစက်ရေတွင်းသည် တွင်းတူးအနက်ပေ ၄၂၅ ပေ၊ ရေနေပေ (၃၃/၃၅)ပေ၊ ရေထွက်နှုန်း တစ်နာရီဂါလန် ၁၅၀၀ ဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်ချက်အရ ရေအရည်အသွေးကောင်းမွန်သဖြင့် သောက်သုံးရေအဖြစ် အသုံးပြုနိုင်သည်။

ထို့ပြင် မြစိမ်းရောင်တောင်သာသနာ့နယ်မြေ၌ပင် ခြောက်လက်မစက်ရေတွင်းတစ်တွင်းကို Bourn DRB-002 တွင်းတူးစက်ဖြင့် ၆-၇-၂၀၁၁ ရက်တွင် စတင်တူးဖော်ခဲ့ရာ ၃၀-၇-၂၀၁၁ ရက်တွင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ အဆိုပါ ခြောက်လက်မ ကျောက်စရစ်ရံစက်ရေတွင်းသည် တွင်းတူးအနက်ပေ ၃၂၀၊ ရေနေပေ (၃၅/၇၅)ပေ၊ ရေထွက်နှုန်းတစ်နာရီဂါလန် ၃၅၀၀ ဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်ချက်အရ ရေအရည်အသွေးကောင်းမွန်သဖြင့် သောက်သုံးရေအဖြစ် အသုံးပြုနိုင်သည်။

မြောင်းမြမြို့ မြစိမ်းရောင်သာသနာ့နယ်မြေ၌ နှစ်လက်မစက်ရေတွင်းနှင့် ခြောက်လက်မ စက်ရေတွင်းတို့ကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့သဖြင့် သာသနာ့နယ်မြေအတွင်း နေထိုင်ကြသော ရဟန်းရှင်လူပြည်သူများအတွက် သောက်သုံးရေဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ မြစိမ်းရောင်တောင်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သာသနိကအဆောက်အအုံများ တည်ဆောက်ရေးအတွက်ပါ အကျိုးပြုနိုင်ကြောင်း သိရသည်။

မြောင်းမြမြို့နယ် ဇလပ်ကွင်းကျေးရွာအုပ်စု ရှုခင်းသာရှိ စွမ်းအားပရိယတ္တိ တောရကျောင်းတိုက်အတွင်း၌ နှစ်လက်မစက်ရေတွင်း တစ်တွင်းကို Bourn DRB-002 တွင်းတူးစက်ဖြင့် ၁၀-၁၂-၂၀၁၁ ရက်တွင် စတင်တူးဖော်ခဲ့ရာ ၂၇-၁၂-၂၀၁၁ ရက်တွင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ အဆိုပါ နှစ်လက်မ ကျောက်စရစ်ရံစက်ရေတွင်းသည် တွင်းတူးအနက်ပေ ၃၄၀၊ ရေနေပေ (၃၀/၇၅) ပေ၊ ရေထွက်နှုန်း တစ်နာရီဂါလန် ၁၅၀၀ ဖြစ်သည်။

ဓာတ်ခွဲစမ်းသပ်ချက်အရ ရေအရည်အသွေး PH-6 ဒသမ 85 ရှိပြီး အထူးကြည်လင်ကောင်းမွန်ကာ သတ္တုဓာတ်ပါဝင်မှုမရှိသလောက်နည်း၍ ရေသန့်စင်စက်မှထွက်ရှိသော ရေအဆင့်အတန်းမျိုးဖြစ်၍ သောက်ရေအတွက် အထူးသင့်လျော်ကြောင်း သိရသည်။ ယခုအခါ အဆိုပါစက်ရေတွင်းမှ ထွက်ရှိသော သောက်ရေသန့်ကို ကျောင်းတိုက်အတွင်း တောရဆောက်တည်ကြသည့် ရဟန်းသံဃာတော်များ၊ တရားစခန်းဝင်ယောဂီများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ လှူဒါန်းဖြန့်ဝေပေးနိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် မြောင်းမြမြို့ပေါ်ရှိ အမှတ်(၈)ရပ်ကွက်၌ လေးလက်မစက်ရေတွင်းတစ်တွင်းကို Bourn DRB-002 တွင်းတူးစက်ဖြင့် ၂၇-၃-၂၀၁၂ ရက်တွင် စတင်တူးဖော်ခဲ့ရာ ၈-၄-၂၀၁၂ ရက်တွင် အောင်မြင်စွာပြီးစီးခဲ့သည်။ အဆိုပါ လေးလက်မ ကျောက်စရစ်ရံစက်ရေတွင်းသည် တွင်းတူးအနက် ၃၃၅ ပေ၊ ရေနေပေ (၁၈/၁၁၃)ပေ၊ ရေထွက်နှုန်းတစ်နာရီ ဂါလန် ၁၂၀၀ ဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်ချက်အရ ရေအရည်အသွေးကောင်းမွန်သဖြင့် ရပ်ကွက်အနီးနေ ရဟန်းရှင်လူပြည်သူများ ဆယ့်နှစ်ရာသီပတ်လုံး သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်ကြပြီဖြစ်သည်။

ယခုအခါ အမှတ်(၈) ရပ်ကွက်ရှိ စက်ရေတွင်း အောင်မြင်စွာတူးဖော်နိုင်ခဲ့သည့်နေရာမှ အလယ်တောရစာသင်တိုက်သို့ ရေပိုက်လိုင်း ပေ ၇၅၀ သွယ်တန်း၍ အဆင့်မြင့်သောက်သုံးရေသန့်စင်စနစ်ကိုပါ တပ်ဆင်ခဲ့ပြီဖြစ်သည်။ မြောင်းမြမြို့

မြောင်းမြမြို့နယ် ဇလပ်ကွင်းကျေးရွာအုပ်စု ရှုခင်းသာရှိ စွမ်းအား ပရိယတ္တိတောရကျောင်းတိုက်၌ နှစ်လက်မစက်ရေတွင်းအောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီးနောက် တွေ့ရစဉ်။

အလယ်တောရစာသင်တိုက်အတွင်း၌ ၁၁-၅-၂၀၁၂ ရက်တွင် TAC ကုမ္ပဏီက NSF Standard ရေသန့်ပစ္စည်းများဖြင့် ပြုလုပ်ထားသော အဆင့်မီသောက်ရေသန့်စနစ်ကို အောင်မြင်စွာ တပ်ဆင်နိုင်ခဲ့ပြီဖြစ်ရာ ကျောင်းနေရဟန်းသံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ အထူးကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကူညီစီစဉ်မှု၊ မြေအောက်ရေဌာနခွဲနှင့် မြောင်းမြခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုဖြင့် မြောင်းမြမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာသာသနာစောင့်ရှောက်ရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေသည့် စက်ရေတွင်းများတူးဖော်၍ ရေသန့်စက်တပ်ဆင်ပေးခဲ့ခြင်းအပေါ် မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းပေးအပ်ခဲ့ပြီး ဒေသခံပြည်သူများကလည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြကြောင်း တင်ပြလိုက်ရပါသည်။ ။

☆ရှေ့ဖုံးမှ

ပါလီမန်အဆောက်အအုံ၌ ဥရောပသမဂ္ဂ၊ ASEAN နိုင်ငံများဆိုင်ရာ လွှတ်တော် ကော်မတီဥက္ကဋ္ဌ Dr. Werner Lagen, MEP ဦးစီးသော လွှတ်တော်အမတ်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မေ ၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘာလင်မြို့ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ပါလီမန်ဥက္ကဋ္ဌ (President of the Bundestag) Dr. Nobert Lammert နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထို့နောက် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဂျာမန်ပါလီမန်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မေ ၈ ရက် နံနက် ၁၁ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဂျာမန်ပါလီမန်အဆောက်အအုံ၌ ပါလီမန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ Ms. Dagmar W'o'hrlနှင့်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၆ ရက် ည ၈ နာရီတွင် ဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ ရောက်ရှိရာ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် Bavarian ပြည်နယ်လွှတ်တော်၊ Hans Seidel Foundation (HSF)မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုခဲ့ကြသည်။ မေ ၇ ရက် မွန်းတည့် ၁၂ နာရီတွင်Bavarian ပြည်နယ် ပါလီမန်ဥက္ကဋ္ဌ Mrs. Barbara Stamn နှင့်တွေ့ဆုံပြီး မြူးနစ်မြို့ရှိ Bavarian ပါလီမန်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ထို့နောက် Bavarian ပြည်နယ်လွှတ်တော်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Guido Westerwelle နှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Eckart Von Klaeden နှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Dirk Niebel နှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက် ညနေ ၃ နာရီခွဲတွင် ပို့ဆောင်ရေးနှင့် မြို့ပြဖွံ့ဖြိုးရေးဝန်ကြီးဌာန Parmanentary State Secretary, Mr. Rainer Bomba နှင့်လည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဝန်ကြီးဌာန Parliamentary State Secretary Mr. Peter Hintz နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော အဖွဲ့နှင့် ဥရောပသမဂ္ဂ ASEAN နိုင်ငံများဆိုင်ရာ လွှတ်တော်ကော်မတီဥက္ကဋ္ဌ Dr. Werner Lagen,MEP ဦးစီးသော လွှတ်တော်အမတ်များ ဥရောပသမဂ္ဂ ပါလီမန်အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

မေ ၁၁ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် မြန်မာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှ မီးရထားဖြင့် ထွက်ခွာလာရာ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရောက်ရှိပြီး ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုခဲ့ကြသည်။

မေ ၁၂ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြင်သစ်နိုင်ငံ ပါလီမန်သို့ရောက်ရှိရာ ပြင်သစ်ပါလီမန်မှ ပူးပေါင်းဆောင်ရွက်ရေးဌာန အကြီးအကဲ ညွှန်ကြားရေးမှူးချုပ် Mr. Duluc က ရှင်းလင်းတင်ပြပြီး ပါလီမန်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။ ထို့နောက် ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ခွာခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှတစ်ဆင့် ဇူးရစ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ မေ ၁၃ ရက် ည ၁၀ နာရီခွဲတွင် နော်ဝေးနိုင်ငံ အော်စလိုမြို့သို့ ရောက်ရှိသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၄ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နော်ဝေးနိုင်ငံ ပါလီမန်အဆောက်အအုံသို့ ရောက်ရှိရာ နော်ဝေးပါလီမန် ဒုတိယဥက္ကဋ္ဌ Ms. Marit Nybakk နှင့်အဖွဲ့အဝင်များက ကြိုဆိုကြသည်။ ထို့နောက် နော်ဝေးပါလီမန် ပုံမှန်အစည်းအဝေးဖွင့်လှစ်မှုကို တက်ရောက်ကြည့်ရှုလေ့လာရာ မြန်မာပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်မှုကို အသိအမှတ်ပြုကြေညာခဲ့ပြီး ပါလီမန်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် နော်ဝေးနိုင်ငံ ပါလီမန်ဥက္ကဋ္ဌ(President of the Storting)Mr. Dag Terje Andersen နှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် နော်ဝေးပါလီမန် နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ Ms. Ine M. Eriksen Sreide ဦးစီးသောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Jonas Gahr Store နှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် ညနေ ၄ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် နော်ဝေးနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Heikki Holmas နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းနေ့တွင် နော်ဝေးပါလီမန်ကော်မတီများရုံးသို့ သွားရောက်ခဲ့ပြီး နော်ဝေးနိုင်ငံ စာရင်းစစ်ချုပ်၏ အခန်းကဏ္ဍ ရှင်းလင်းပွဲသို့လည်းကောင်း၊ Institute for Democracy and Electoral Assistance ရှင်းလင်းတင်ပြမှုကိုလည်းကောင်း တက်ရောက်ဆွေးနွေးခဲ့သည်။

ထို့နောက် ညနေ ၅ နာရီတွင် အော်စလိုစင်တာ အဆောက်အအုံ၌ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေး အော်စလိုစင်တာဥက္ကဋ္ဌ Mr. Kjell Magne Bondevik နှင့် တွေ့ဆုံဆွေးနွေးသည်။

မေ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် နော်ဝေးနိုင်ငံ အမျိုးသားနေ့နှင့် အခြေခံဥပဒေနေ့ အခမ်းအနားသို့ တက်ရောက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ နော်ဝေးနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် နော်ဝေးနိုင်ငံသို့ ထပ်မံရောက်ရှိလာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးညဏ်ဆွေဝင်း၊ ဦးခင်မောင်ရီ(ခ) ဦးခိုင်မောင်ရည်၊ ဦးစောသိန်းအောင်၊ ဦးငွန်မောင်း၊ ဒေါ်မိမြင့်သန်း၊ ဒေါ်ခင်စောဝေ၊ ဒေါက်တာမျိုးအောင်၊ ဦးသိန်းဆွေနှင့် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းတို့လည်း ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ပူးပေါင်းပါဝင်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၈ ရက် ညနေ ၃ နာရီတွင် United Kingdom နိုင်ငံ ပါလီမန်ဥက္ကဋ္ဌ Mr. John Bercow နှင့်တွေ့ဆုံ ဆွေးနွေးသည်။ ထို့နောက် Minister for State, DFID, Mr. Alan Duncan နှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းနောက် Minister of State, Lord Howell နှင့်တွေ့ဆုံဆွေးနွေးသည်။ ၎င်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမှတ်(၁၀) ဒေါင်းနင်းလမ်းတွင် United Kingdom နိုင်ငံ ဝန်ကြီးချုပ်၏ အကြံပေးပုဂ္ဂိုလ် Mrs. Kate Joseph နှင့်တွေ့ဆုံဆွေးနွေးသည်။ ယင်းနောက် United Kingdom နိုင်ငံ ပါလီမန်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လန်ဒန်မြို့တွင် ရောက်ရှိနေစဉ် သံအမတ်ကြီး၏ နေအိမ်၌ မြန်မာအသင်းမှပုဂ္ဂိုလ်များ၊ ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားအချို့နှင့် ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ပါလီမန်အဆောက်အအုံ၌ ဒိန်းမတ်နိုင်ငံ ပါလီမန်ဥက္ကဋ္ဌ Mr. Mogens Lykketoft ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ပါလီမန် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် ဒိန်းမတ်နိုင်ငံ ပါလီမန်အတွင်းရေးမှူးချုပ် Mr. Carsten-U-Larsen နှင့်တွေ့ဆုံ ဆွေးနွေးသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံ၌ ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Christian Friis Bach နှင့် တွေ့ဆုံ ဆွေးနွေးသည်။

ဥရောပသမဂ္ဂ ပါလီမန်ဥက္ကဋ္ဌ Mr. Martin Schulz ၏ ဖိတ်ကြားချက်အရ ဥရောပနိုင်ငံများသို့ ရောက်ရှိစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂ ပါလီမန်ဥက္ကဋ္ဌအပါအဝင် ဥရောပကောင်စီ ဥက္ကဋ္ဌ၊ ဥရောပသမဂ္ဂ ကော်မရှင်ဥက္ကဋ္ဌ၊ ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးဆိုင်ရာအကြီးအကဲ၊ သက်ဆိုင်ရာနိုင်ငံများမှ ပါလီမန်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာနိုင်ငံများမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ရာတွင် အောက်ပါအတိုင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် -

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အားရကျေနပ်မှုရှိပြီး ကြိုဆိုပါကြောင်း၊ ဆက်လက်ပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ထောက်ခံအားပေးကူညီသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးအကျဉ်းသားများ ဆက်လက်၍ ပြန်လွှတ်ပေးရန် မျှော်လင့်ပါကြောင်း၊ တိုင်းရင်းသားများအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများအား ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံတော်သမ္မတနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့၏ ခေါင်းဆောင်မှုများကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများသည် မျှော်မှန်းထားသည်ထက် မြန်ဆန်လွန်း၍ ဆက်လက်ဖော်ဆောင်မှုများအပေါ် သံသယနှင့် စိုးရိမ်မှုများရှိကြောင်း၊ စိန်ခေါ်မှု အခက်အခဲများရှိလာနိုင်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းပြောကြားရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြုပြင်ပြောင်းလဲမှု

နိုင်ငံတကာအနုပညာရပ်ဝန်း နိုင်ငံတကာအနုပညာရပ်ဝန်း

အောဝမ်းစိုး

အမေရိကန်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးကို နောက်ခံပြုထားသည့် ဇာတ်ကားဖြင့် ကန်းရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသည့် ဘရက်ဒ်ပစ်

ဟောလိဝုဒ်စူပါစတား နာမည်ကျော် မင်းသား ဘရက်ဒ်ပစ်သည် ၎င်း၏ နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး နောက်ဆုံးရိုက်ကူးခဲ့သော အမေရိကန် အကျပ်အတည်းကို နောက်ခံပြု ရိုက်ကူးထားသည့် Killing Them Softly ဇာတ်ကား အရောင်းမြှင့်တင်ရေး ပြုလုပ်ရန် မေ ၂၂ ရက်က ပြင်သစ်နိုင်ငံ ရီဗီးယားကမ်းခြေ၌ ကျင်းပလျက်ရှိသော (၆၅)ကြိမ်မြောက် ကန်းရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာခဲ့သည်။

ဟောလိဝုဒ် စူပါစတား နာမည်ကျော် မင်းသား ဘရက်ဒ်ပစ်။

၎င်းဇာတ်ကားသည် ဂျော့ဂ် ဗီဂီ ဟစ်ဂင်စ်၏ ဝတ္ထုကို ဒါရိုက်တာအန်ဒရူး ဒိုမီနစ်ခ်က ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်အသက်သွင်းရိုက်ကူးတင်ဆက်ထားပြီး ဘရက်ဒ်ပစ်က အဓိကဇာတ်ကောင် ဂျက်ကီကိုဂန်အဖြစ် သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားသည် အမေရိကန်နိုင်ငံ နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ခဲ့ရသော စီးပွားရေးအခက်အခဲနှင့် သမ္မတ ဘာရက်အိုဘားမား၏ ၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မှုကာလတို့ကို နောက်ခံထား ရိုက်ကူးထားပြီး ယခုနှစ် စက်တင်ဘာလတွင် ဖြန့်ချိပြသရန် စီစဉ်ထားသောကြောင့် အိုဘားမား၏ ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲ ကာလ မပြီးဆုံးသေးသော စီးပွားရေးပြဿနာများနှင့် ကြုံတွေ့နေရသည့်အချိန်နှင့် တိုက်ဆိုင်နေသည်။

ထို့ပြင် ၎င်းဇာတ်ကားသည် ယခုနှစ် ကန်းရုပ်ရှင်ပွဲတော်သို့ လာရောက်ယှဉ်ပြိုင်ပြသခဲ့သည့် ဇာတ်ကားများမှ Palme d'or ဆုအတွက် ပဏာမရွေးချယ်ထားသည့် ဇာတ်ကား ၂၂ ကားတွင်လည်း ရွေးချယ်ခံထားရသည်။

ဘရက်ဒ်ပစ်က ကန်းရုပ်ရှင်ပွဲတော်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ၎င်းနှင့် ကာလကြာရှည် လက်တွဲလာသည့် ကမ္ဘာကျော်ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီနှင့် လက်ထပ်ပွဲကျင်းပရန် နေ့ရက် မသတ်မှတ်ရသေးကြောင်းနှင့် ယခုနှစ် ကန်းရုပ်ရှင်ပွဲတော်သို့ အိန်ဂျလီနာဂျိုလီ တက်ရောက်နိုင်ခြင်း မရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

အင်တာနက်။

Double Strong ဖလား ၂၀၁၂ မန္တလေးပိုက်ကျော်ခြင်းပြိုင်ပွဲ

နေပြည်တော် မေ ၂၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် Double Strong တို့ ပူးပေါင်းကျင်းပသည့် Double Strong ဖလား ၂၀၁၂ မန္တလေးပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသ

ရှေးဦးစွာ မြန်မာနိုင်ငံ ပိုက်ကျော်ခြ ဥက္ကဋ္ဌ ဦးညဏ်ထွန်းနှင့် မြန်မာဘရူဝါရီလီမိတ တို့က အမှာစကားပြောကြားကြပြီး ပြိုင်ပွဲကို ဖွ ပထမနေ့ပြိုင်ပွဲတွင် အလွတ်တန်း၊ လူသစ်တ ပွဲစဉ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။ အခ တန်းပွဲစဉ်တွင် အသင်းပေါင်း ၇၁ သင်း၊ အ အသင်း ကိုးသင်းတို့ ပါဝင်ကြပြီး မေ ၂၇ ရက မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ွ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
သည်။
ားရောက်ခဲ့ပြီး နော်ဝေးနိုင်ငံ
Institute for Democ-
လည်းကောင်း တက်ရောက်

ာက်အဖွဲ့၌ ငြိမ်းချမ်းရေးနှင့်
ne Bondevik နှင့် တွေ့ဆုံ

တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
ည် နော်ဝေးနိုင်ငံ အမျိုးသား
ည်။
င်ငံ ချစ်ကြည်ရေးခရီးစဉ်တွင်
ိုယ်စားလှယ်များဖြစ်ကြသည့်
ာသိန်းအောင်၊ ဦးငွန်မောင်း၊
န်းဆွေနှင့် ကော်မရှင်အဖွဲ့ဝင်
ပေါင်းပါဝင်ခဲ့ကြသည်။
င်သော ပြည်သူ့လွှတ်တော်
United Kingdom နိုင်ငံ
သည်။ ထို့နောက် Minister
ဆွေးနွေးသည်။ ယင်းနောက်
သည်။ ၎င်းနောက် ပြည်သူ့
တ်(၁၀) ဒေါင်းနင်းလမ်းတွင်
rs. Kate Joseph နှင့်တွေ့ဆုံ
ိမန်အဆောက်အအုံအတွင်း

န်ဒန်မြို့တွင် ရောက်ရှိနေစဉ်
နိုင်ငံရောက် မြန်မာနိုင်ငံသား

င်သော ပြည်သူ့လွှတ်တော်
းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ
Mr. Mogens Lykketoft
် ပါလီမန် အဆောက်အအုံ
် ဒိန်းမတ်နိုင်ငံ ပါလီမန်
ဆွေးနွေးသည်။
ားရေးဝန်ကြီးဌာန အဆောက်
ရေးဝန်ကြီးဌာန ဝန်ကြီး Mr.

ဖိတ်ကြားချက်အရ ဥရောပ
ရွှေမန်းသည် ဥရောပသမဂ္ဂ
ာပသမဂ္ဂ ကော်မရှင်ဥက္ကဋ္ဌ၊
ကဲ၊ သက်ဆိုင်ရာနိုင်ငံများမှ
း၊ သက်ဆိုင်ရာနိုင်ငံများမှ
င် အောက်ပါအတိုင်း တွေ့ဆုံ

ားရကျေနပ်မှုရှိပြီး ကြိုဆိုပါ
ထောက်ခံအားပေးကူညီသွား
ပြန်လွှတ်ပေးရန် မျှော်လင့်
ရေး အကောင်အထည်ဖော်
ကြာင်း၊ မြန်မာနိုင်ငံ နိုင်ငံရေး
်ဥက္ကဋ္ဌတို့၏ ခေါင်းဆောင်မှု
ည် မျှော်မှန်းထားသည်ထက်
သနှင့် စိုးရိမ်မှုများရှိကြောင်း၊
ကူညီထောက်ပံ့မှုများ ပြုလုပ်
ဥက္ကဋ္ဌက ပြုပြင်ပြောင်းလဲမှု

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သောအဖွဲ့နှင့် ဥရောပသမဂ္ဂကော်မရှင်ဥက္ကဋ္ဌ Mr. Jose Manuel Barroso တို့ ဥရောပပါလီမန် အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

များနှင့်ပတ်သက်၍ မည်သို့မှ နောက်ကြောင်းပြန်လှည့်ရန် မရှိကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ထူထောင်ရန် ယခင် အစိုးရလက်ထက်ကပင် ဘက်ပေါင်းစုံစဉ်းစားပြီး ပြည်ထောင်စု၊ နိုင်ငံနှင့် နိုင်ငံသားများအကျိုးအတွက် ခိုင်မာစွာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါတွင်လည်း ပြည်သူတစ်ရပ်လုံးမှ ဒီမိုကရေစီစနစ်သာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ခုတည်းသောစနစ်ဖြစ်ကြောင်းကို ယုံကြည်လက်ခံထားကြောင်း၊ ယနေ့ကမ္ဘာတွင် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများမှာ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို သူ့နည်းသူ့ဟန်သူ့ပုံစံဖြင့် ကျင့်သုံးနေကြသည်ကို လေ့လာတွေ့ရှိနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း မိမိနိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ရေမြေသဘာဝပတ်ဝန်းကျင်၊ အမျိုးသားစရိုက်လက္ခဏာများနှင့်အညီ ဆီလျော်ကောင်းမွန်သော စနစ်ကို အကောင်အထည်ဖော်ဆောင် ကျင့်သုံးနေပြီ ဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ ရှိလာနိုင်ပြီး ရည်မှန်းချက်ကို လွယ်လွယ်ဖြင့်ရောက်ရန် မဖြစ်နိုင်သည်ကိုလည်း မျှော်လင့်ထားကြပါကြောင်း၊ မည်သို့ပင်ဆိုစေ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မဖြစ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ နိုင်ငံသားများအတွက် ဆောင်ရွက်ရာတွင် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတို့သည် ကမ္ဘာ့နိုင်ငံအသီးသီး၏ လိုလားချက်များဖြစ်၍ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း မှန်ကန်စွာ နားလည်လက်ခံကြပြီး အပြုသဘောဆောင်သော ထောက်ခံအားပေးမှု၊ ကူညီမှုများရှိကြရန် လိုပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုထောက်ခံအားပေးကူညီမှုများ ရှိနေကြကြောင်း ကြားသိရ၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့နိုင်ငံ နိုင်ငံသားများအနေဖြင့်လည်း ဒေသတွင်း တည်ငြိမ်ရေး၊ လုံခြုံရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကမ္ဘာ့နိုင်ငံ အသီးသီးနှင့် လက်တွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြီးခဲ့သော အချိန်ကာလများက မြန်မာနိုင်ငံသည် ဥရောပနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေး လျော့နည်းကျဆင်းခဲ့ကြောင်း၊ ပုံမှန်ဆက်ဆံရေးပင် မပြုလုပ်နိုင်ခဲ့ခြင်းသည် ဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း၊ ယင်းအခြေအနေတို့အား သင်ခန်းစာယူ၍ ပုံမှန်ဆက်ဆံရေးမှသည် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ရည်မှန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် အတော်အတန် ခရီး ရောက်နေပြီ ဖြစ်သော်လည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ယှဉ်တွဲ၍ လိုက်ပါဆောင်ရွက်နေရန် လိုကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသာရှိပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှု မပြုလုပ်ပါက အောင်မြင်သော နိုင်ငံရေးစနစ် မဖြစ်နိုင်သည်ကို သတိပြုမိပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုစီးပွားရေး အခြေအနေများကို အတူတကွ ယှဉ်တွဲဆောင်ရွက်သွားရန်လိုပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံရေးပထဝီဝင်အရ အရေးကြီးသော နေရာတွင်တည်ရှိပြီး သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်၍ ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများရှိသကဲ့သို့ စီးပွားရေးနှင့် ကုန်သွယ်ရေးတိုးမြှင့်သွားရန် အထူးကောင်းမွန်သော အခွင့်အလမ်းများရှိသဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ပါကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါသဖြင့် လွှတ်တော်၏အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေးအပိုင်းတွင် ခေတ်စနစ်နှင့်လျော်ညီအောင် လက်တွေ့လိုက်နာဆောင်ရွက်နိုင်သည့် ဥပဒေများ အလျင်အမြန်ဖြစ်ထွန်းရေးနှင့် ယင်းဥပဒေများအား လိုက်နာကျင့်သုံးရေးကိစ္စကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များ အရည်အသွေးမြင့်မားရေးအတွက် အပြန်အလှန်လည်ပတ်ရေး၊ လေ့လာရေး၊ အတွေ့အကြုံဖလှယ်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသို့ ရောက်ရှိသည့်ကာလအတွင်း မေ ၇ ရက် နံနက် ၉ နာရီခွဲတွင် Hans Seidel Foundation (HSF) ဥက္ကဋ္ဌ Prof. Dr. h.c. mult. Hans Zehtmair နှင့်တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ညနေ ၃ နာရီတွင် Siemens AG ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr. Stephan Schneider က ကုမ္ပဏီနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခရီးစဉ်အတွင်း အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မေ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် လန်ဒန်မြို့ရှိ Standard Charter Bank မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် ဒိန်းမတ်နိုင်ငံ Confederation of Danish Industry မှ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ မေ ၂၃ ရက် ထိုင်းနိုင်ငံသို့ ခေတ္တရောက်ရှိစဉ် ထိုင်းနိုင်ငံ Amata City Industrial Estate သို့ သွားရောက်၍ စက်မှုဇုန်တည်ထောင်ထားရှိမှုကိစ္စရပ်များကို လေ့လာတွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းဝါနုနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာခဲ့ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၅-၅-၂၀၁၂ (သောကြာနေ့)

၅း၄၀	"ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်အကြောင်း ရှင်းပြပုံခန္ဓာညဏ်ရောက် ဒိဋ္ဌိဖြုတ်"တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၉း၂၀	Activities In The City (သိက္ခာထပ်မင်္ဂလာနှင့် ရဟန်းခံ၊ ရှင်ပြု၊ နားသအလှူတော်မင်္ဂလား)
၁၀း၃၀	Fashion Week (Designer Shiler) (Part-2)
၂း၅၀	ပန်းကလေးများအတွက် အနာဂတ်ပန်းတိုင်. . . SCBI
၆း၁၅	ပန်းမြို့တော်မှ Sweety Land Hotel
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၃၃)**
၈း၃၀	Myanmar Cooking Master (ဒုတိယအဆင့်)(ပွဲစဉ်-၈)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်"(အပိုင်း-၄၇)**
၁၀း၂၅	Style ရှိမှ Star ဖြစ်မယ်
၁၁း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ"(အပိုင်း-၁၉)**
၂း၁၀	World of Knowledge (Inside Sumo Kids)

❊ ရေချိုလုပ်ငန်းမှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပန်းတနော်မြို့နယ် အင်းမကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ရေလုပ်ငန်းရှင်များအစုအဖွဲ့၊ ရေလုပ်သားအစုအဖွဲ့တို့အား တွေ့ဆုံ၍ ရေလုပ်သားများအနေဖြင့် ဂရန်အင်းအတွင်း၌ ဖြစ်စေ၊ တင်ဒါငါးဖမ်းကွက်အတွင်း၌ ဖြစ်စေ၊ ဘုံငါးဖမ်းကွက်အတွင်း၌ဖြစ်စေ၊ သတ်မှတ်ဥပဒေ၊လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိအကျိုး၊ သားစဉ်မြေးဆက်အကျိုး၊ နိုင်ငံအကျိုးများကို အမြော်အမြင်ရှိစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ ရေလုပ်သားများအတွက် တစ်နပ်တစ်အိုးဟင်းရှာဖွေစားသောက်နိုင်ရန် ရေချိုငါးဖမ်းကိရိယာ ၁၆ မျိုးဖြစ်သော လက်တွန်း၊ ကိုင်းထောက်၊ ထောင်ကျင်း၊ ငါးမျှားတန်း၊ ဘူးမျှော၊ လက်ပစ်ကွန်၊ ရင်တွန်း၊ ပေါ်ခပ်၊ ယက်သဲ့၊ မြုံးငယ်အမျိုးမျိုး၊ မြုံးကြီး၊ တုတ်၊ တစောင်း၊ ဆောင်း၊ လုံ့ထိုး၊ ဂုတ်စသည်များကို အခွန်ကင်းလွတ်ခွင့် ပြုထားပြီးဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ လုပ်ငန်းတူ၊ မျိုးတူစုများ စုစည်း၍ သမဝါယမအသင်း၊ အစုအဖွဲ့များဖွဲ့စည်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ မွေးမြူရေးလုပ်ကိုင်လိုသော ဒေသခံပြည်သူများအား မျိုးကောင်းမျိုးသန့် ဥစားဘဲ၊ အသားတိုးဝက်များ ဖြန့်ဖြူးရောင်းချမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ လိုက်ပါလာသော သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနမှ ကွင်းဆင်းဖွဲ့စည်းရေး အဖွဲ့များသည် ကျုံပျော်မြို့နယ် အင်းရဲကျွန်း၊ အင်းမ၊ သရက်ချို၊ ကံစု၊ ပျဉ်းကတိုးကုန်း၊ ဇီးပင်ချောင်းနှင့် မန်းကြာကျေးရွာအုပ်စုများ၌ ကျေးလက်သမဝါယမအသင်းများ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များ၊ မွေးမြူရေးသမဝါယမအသင်းများ ဖွဲ့စည်း၍ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်မွေးမြူ ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များကို စည်းရုံးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❂ ကျောဖုံးမှ

ရေယာဉ်များ LPG/CNG ပြောင်းလဲတပ်ဆင်ပါက ကုန်ကျစရိတ်၊ စက်သုံးဆီသုံးစွဲမှုထက် သက်သာနိုင်မည့်အခြေအနေ၊ အသုံးပြုရန်လိုအပ်မည့် LPG/CNG တို့နှင့် ပတ်သက်၍ နှစ်ဖက်ပညာရှင်များညှိနှိုင်း၍ အသေးစိတ်တွက်ချက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ရေယာဉ်များအား LPG/CNG ပြောင်းလဲတပ်ဆင်အသုံးပြုပါက စက်သုံးဆီသုံးစွဲမှုကုန်ကျစရိတ်ထက် ၄၀ ရာခိုင်နှုန်းခန့် သက်သာသွားမည်ဖြစ်၍ ကုန်ဈေးနှုန်းကျဆင်းရေးကို အထောက်အကူပြုသကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း လျော့နည်းစေမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၂ မန္တလေးပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ပညာ
Strong
၂၀၁၂
ရက်
င်းပရာ
ဏ္ဍနှင့်
ခရိုင်နှင့်
[illegible]ကစား

ဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးညဏ်ထွန်းနှင့် မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌ ဦးနေဝင်းတို့က အမှာစကားပြောကြားကြပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။ ပထမနေ့ပြိုင်ပွဲတွင် အလွတ်တန်း၊ လူသစ်တန်း နှစ်ယောက်တွဲပွဲစဉ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါ ပြိုင်ပွဲ၌ လူသစ်တန်းပွဲစဉ်တွင် အသင်းပေါင်း ၇၁ သင်း၊ အလွတ်တန်းပွဲစဉ်တွင် အသင်း ကိုးသင်းတို့ ပါဝင်ကြပြီး မေ ၂၇ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်တွေခရိုင်အုပ်ချုပ်ရေးမှူးဒိုင်း အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၄

၂၀၁၂ ခုနှစ် စစ်တွေခရိုင် အုပ်ချုပ်ရေးမှူးဒိုင်း ခရိုင်အတွင်း မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ ဧည့ဝတီအားကစားခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို တက်ရောက်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ကျောက်တော်မြို့နယ် အုပ်ချုပ်ရေးမှူးက အကောင်းဆုံး အမျိုးသား/အမျိုးသမီး ဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ မြေပုံမြို့နယ် အုပ်ချုပ်ရေးမှူးက ဒုတိယဆုရ မြေပုံမြို့နယ် အမျိုးသားအသင်းနှင့် ကျောက်တော်မြို့နယ် အမျိုးသမီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ စစ်တွေမြို့နယ် အုပ်ချုပ်ရေးမှူးက ပထမဆုရ စစ်တွေမြို့နယ် အမျိုးသားအသင်းနှင့် ကျောက်တော်မြို့နယ် အမျိုးသမီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ စစ်တွေခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သန်းသန်းရီက ပထမဆုရ ကျောက်တော်မြို့နယ် အမျိုးသမီးအသင်းအား တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ စစ်တွေခရိုင်အုပ်ချုပ်ရေးမှူးက ပထမဆုရ စစ်တွေမြို့နယ် အမျိုးသားအသင်းအား တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီပိုင် ဈေးဆိုင်ခန်း ၁၅၆ ခန်း လေလံတင်ရောင်းချမည်

မန္တလေး မေ ၂၄

မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီနှင့် သားသတ်ဌာနက ဈေးချိုရွှေကုံ့ကော်ရုံရှိ ဆိုင်ခန်းနှစ်ခန်း၊ ဈေးချိုပထမထပ်၊ တတိယထပ်ရှိ ဆိုင်ခန်းသုံးခန်း၊ သီရိမာလာဈေးကားပစ္စည်းတန်းရှိဆိုင်ခန်း ၂၀၊ ၈၆ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြားရှိဆိုင်ခန်း ခုနစ်ခန်း၊ ညောင်ပင်ဈေးရှိဆိုင်ခန်း ၂၂ ခန်း၊ မင်္ဂလာဈေးရှိ ဆိုင်ခန်း ၁၁ ခန်း၊ မန်းရတနာဈေးရှိ ဆိုင်ခန်း ၇၈ ခန်း၊ မြနန္ဒာဈေးရှိ ဆိုင်ခန်း ၁၀ ခန်း၊ စိန်ပန်းဈေးရှိ ဆိုင်ခန်း သုံးခန်းအပါအဝင် ဆိုင်ခန်းပေါင်း ၁၅၆ ခန်းအား မေ ၂၅ ရက်တွင် သီရိမင်္ဂလာခန်းမ၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ (၆၅၃)

❐ အာကာသအခြေစိုက်မှ

အဆိုပါ ကိရိယာသည် နေရောင်ခြည်ဆိုလာပြားများအဖြစ် ဝန်ဆောင်ပေးမည်ဖြစ်ကာ နေစွမ်းအင်ကို မိုက္ကရိုဝေ့ဗ် (ခေါ်) လျှပ်စစ်သံလိုက်လှိုင်းတိုများ သို့မဟုတ် လေဆာ (ခေါ်) အင်အားပြင်းရောင်ခြည်လှိုင်းမှတစ်ဆင့် ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်သည်။

အာကာသအခြေစိုက် နေစွမ်းအင်ထုတ်လုပ်ရေးကိရိယာကို အောင်မြင်စွာတီထွင်ထုတ်လုပ်နိုင်မည် ဆိုပါက ကမ္ဘာပေါ်ရှိ ဝေးလံခေါင်သီသော ဒေသများသို့ စွမ်းအင်ထောက်ပံ့ပေးနိုင်ရန် အခွင့်သာမည်ဖြစ်သည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်လျက်ရှိသော ဒေသများနှင့် သမားရိုးကျ နည်းလမ်းများအရ လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်ရန် ခက်ခဲသော ဒေသများသို့ အာကာသအတွင်း ထုတ်ယူသော နေစွမ်းအင်ကို ထောက်ပံ့ပေးလာနိုင်မည် ဖြစ်ကြောင်း အဆိုပါ တက္ကသိုလ်မှ စက်မှုနှင့် လေကြောင်း အာကာသအင်ဂျင်နီယာဌာန ပါမောက္ခ ဒေါက်တာ မာစီမီလာနိုက ပြောကြားသည်။ ဆာဟာရသဲကန္တာရသည် နေစွမ်းအင်ထုတ်ယူနိုင်ရန် အခွင့်သာသော်လည်းထုတ်ယူပြီး နေစွမ်းအင်ကို ဝေးလံသော ကမ္ဘာ့ဒေသများသို့ ဆက်လက်ပေးပို့ရန် ခက်ခဲမည်ဖြစ်ကြောင်း၊ အာကာသအခြေစိုက် နေစွမ်းအင်ကိုမူ မိုက္ကရိုဝေ့ဗ် (သို့မဟုတ်) လေဆာဖြင့် ပေးပို့နိုင်ကြောင်း ၎င်းက ပြောကြားသည်။ အင်တာနက်။

ကျန်းမာရေးအတွက် အန္တရာယ်ရှိ ကြက်ဥများ လိုက်လံစစ်ဆေး

မော်လူး မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ မော်လူးစည်ပင်သာယာဈေးကြီးတွင် ကြက်ဥရောင်းချလျက်ရှိသော ဆိုင်များအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြသန်း၊ အင်းတော်မြို့နယ် မော်လူးဒေသ မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဦးဆန်းဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအုပ်ဇော်ဝင်း၊ ဒုရဲအုပ် ကီသိန်း၊ မော်လူးစည်ပင်သာယာရေးဦးစီး ဦးအောင်ကြူးတို့သည် နယ်စပ်မြစ်ကြီးနားဘက်မှ ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်သော ကြက်ဥများရောင်းချခြင်းရှိ၊ မရှိကို မေ ၂၄ ရက် နံနက် ၈ နာရီက လိုက်လံစစ်ဆေးလျက်ရှိသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

AYA Futsal Cup 2012 ပြိုင်ပွဲဖွင့်ပွဲ Old Stars နှင့် Actor အသင်းတို့ သရုပ်ပြခြေစမ်းမည်

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဖူဆယ်လ် ကော်မတီမှ စီစဉ်သည့် AYA Futsal Cup 2012 ပြိုင်ပွဲကို လာမည့် မေ ၂၈ ရက် နံနက်ပိုင်းတွင် စတင်ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲဖွင့်လှစ်ခြင်း အခမ်းအနားကို ယင်းနေ့နံနက် ၈ နာရီတွင် ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်အနုပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် All Stars FC နှင့် မြန်မာ့လက်ရွေးစင်ငွေခေတ် ကစားသမားဟောင်းများပါဝင်သည့် Old Stars အသင်းတို့ သရုပ်ပြခြေစမ်းပွဲနှင့်အတူ ဖွင့်လှစ်ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။ All Stars အသင်းတွင် ဇာနည်၊ ကျော်ကျော်ဗို၊ မင်းသွေး၊ မိုးယံဇွန်၊ သူထူးစံ၊ ဟက်ကက်၊ ဖိုးတာ၊ ညီဂျော်၊ မောင်ရူပ အစရှိသည့် သရုပ်ဆောင်များ ပါဝင်ကစားကြမည်ဖြစ်ပြီး အခြားနာမည်ကျော် သရုပ်ဆောင် အချို့ကိုလည်း ယင်းပွဲစဉ်တွင် ပါဝင်ကစားရန် စီစဉ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်ဟောင်းများ ပါဝင်သည့် ဖူဆယ်လ်အသင်းတွင် ငွေခေတ်ပရိသတ်အချစ်တော် ကစားသမားများ ဖြစ်ကြသည့် သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ တင်မြင့်အောင်၊ အောင်ထွန်းထွန်း၊ ကြည်လွင်၊ ငွေးမြင့်၊ မောင်မောင်ငွေး၊ စိုးမြတ်မင်း၊ ထွန်းထွန်းထက်၊ မောင်မောင်မြင့်၊ သက်နိုင်စိုး၊ ညွှန့်ဝင်း၊ ဟန်မင်းထွဋ်(ဂိုး)၊ ကိုကိုမောင်(ဂိုး) စသည့် ကစားသမားများဖြင့် ပရိသတ်အကြိုက် ရသမြောက်စွာ ခြေစမ်းကစားကြမည်ဖြစ်သည်။

AYA Futsal Cup 2012 ပြိုင်ပွဲကို အသင်းပေါင်း ၃၄ သင်းဖြင့် မေ ၂၈ ရက်မှစတင်ကာ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမဆု ကျပ်သိန်း ၃၀၊ ဒုတိယဆု ကျပ်သိန်း ၂၀၊ တတိယဆု ကျပ် ၁၀ သိန်း၊ စတုတ္ထဆု ကျပ် ငါးသိန်း၊ အသန့်ရှင်းဆုံးဆု ကျပ်ငါးသိန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆု သုံးသိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

AYA Futsal Cup 2012 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အသင်းများမှာ NEON၊ DCML၊ ရွှေသီဟ၊ LKP FC၊ BTT၊ YANGON CITY၊ ALL BLACK CITY၊ TITAN TWELVE FC၊ UPT၊ ACE၊ အလုံ FC၊ ဖျာပုံ FC၊ J-FC၊ OBO၊ BLUETOOTH၊ NORTH SIDE၊ ဒိုက်ဦးလူငယ်၊ ကြာငါးခိုင်၊ ROYAL Land၊ RAZOR FC၊ BFC၊ မျိုးချစ်လူငယ်၊ DANGER BOYS၊ Jade United FC၊ မန္တလာအက်ဖ်စီ၊ 41 မဟာဖူဆယ်၊ EXCLAMATION၊ EMPEROR၊ BLUE SKY၊ BIG BLUE၊ GREEN HOUSE၊ JBL FC၊ ဝါသိတာ၊ MMU တို့ဖြစ်သည်။ ***ဇော်မင်းအောင်။***

MFF Women's Cup 2012 ခြေစစ်ပွဲ စံမြန်မာအသင်း နောက်ဆုံးအဆင့်ပြိုင်ပွဲရောက်ရှိ

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Women's Cup 2012 ခြေစစ်ပွဲအဆင့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဧရာဝတီနှင့် စံမြန်မာအသင်းတို့ မေ ၂၃ ရက်က ယှဉ်ပြိုင်ခဲ့ရာ စံမြန်မာအသင်းက ၃-၀ ဖြင့် အနိုင်ရရှိကာ အုပ်စုဒုတိယနေရာဖြင့် နောက်ဆုံးအဆင့်ပြိုင်ပွဲကို ပါဝင်ခွင့်ရရှိသွားပြီဖြစ်သည်။ အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်ခဲ့သော ကချင်ပြည်နယ်အသင်းနှင့် စံမြန်မာအသင်းတို့သည် မတ် ၂၅ ရက်မှ စတင်ကျင်းပမည်ဖြစ်သော MFF Women's Cup 2012 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ခြေစစ်ပွဲအဆင့်ပွဲစဉ်များတွင် ကချင်ပြည်နယ်အသင်းသည် လေးပွဲကစား သုံးပွဲနိုင် တစ်ပွဲသရေ ရမှတ် ၁၀ မှတ်ဖြင့် ရှုံးပွဲမရှိအုပ်စုဗိုလ်နေရာမှ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်ပြီး စံမြန်မာအသင်းကမူ လေးပွဲကစား သုံးပွဲနိုင် တစ်ပွဲရှုံး ရမှတ် ၉ မှတ်ဖြင့် ဒုတိယနေရာမှ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ MFF Women's Cup 2012 နောက်ဆုံးအဆင့် ပွဲစဉ်များကို မေ ၂၅ ရက်မှ ဇူလိုင် ၂၇ ရက်အထိ အသင်းပေါင်း ရှစ်သင်းနှင့် ကျင်းပသွားမည်ဖြစ်သည်။ (၁၀၇)

လုပ်အားခငွေ တောင်းခံရာမှ လူသတ်မှုဖြစ်ပွား

ရေတာရှည် မေ ၂၄

မေ ၂၁ ရက် ည ၇ နာရီခွဲခန့်က တစ်ရပ်တည်းနေသူချင်း လုပ်အားခငွေ တောင်းခံသည့်ကိစ္စနှင့် ပတ်သက်၍ စကားများရန်ဖြစ်ရာမှ တုတ်ဖြင့်ရိုက်သဖြင့် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သော လူသတ်မှုတစ်ခု ရေတာရှည်မြို့နယ် သာဂရမြို့ ဒေဝကျေးရွာ၌ ဖြစ်ပွားခဲ့သည်။ ဒေဝကျေးရွာနေ ခိုင်စိုး (၂၅)နှစ် (ဘ) ဦးသောင်း၊ စိုးလင်းအောင် (၂၈)နှစ် (ဘ) ဦးကြည်ရှိန်တို့သည် အခင်းဖြစ်ချိန်တွင် အရက်သောက်စားလျက်ရှိနေပြီး ၎င်းအချိန်တွင် တစ်ရွာတည်းနေ မောင်စိုး၏ ဇနီးဖြစ်သူ မမော်မော် (၃၅)နှစ် (ဘ)ဦးတင်ငွေက လမ်းလျှောက်လာစဉ် ခိုင်စိုးနှင့် စိုးလင်းအောင်တို့ နှစ်ဦးက မောင်စိုးထံတွင် ရစရာရှိသည့် လုပ်အားခငွေကို မမော်မော်ထံမှ တောင်းခံရာက စကားအချေအတင် ပြောဆိုပြီး စကားများရန်ဖြစ်ခဲ့ကြောင်း၊ ၎င်းနောက် ခိုင်စိုးနှင့် စိုးလင်းအောင်တို့ နှစ်ဦးက အနီးတွင်ရှိသည့် တုတ်များကိုယူကာ မမော်မော်အား ရိုက်နှက်ခဲ့သဖြင့် ဦးခေါင်းတွင် ပေါက်ပြဲသွေးထွက်ဒဏ်ရာများ ရရှိပြီး လဲကျသေဆုံးသွားခဲ့၍ သာဂရရဲစခန်းမှ (ပ)၄၀/၂၀၁၂ ပြစ်မှုပုဒ်မ-၃၀၂/၁၁၄ အရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ (၅၇၈)

ဘောလုံးလောက သတင်းအတိုအထွာ

ဇေယျာရွှေမြေ - ရန်ကုန်ယူနိုက်တက် (စနေနေ့) (မုံရွာကွင်း) (ညနေ ၄ နာရီ)
ပ-ကျော့ရလဒ်
ရန်ကုန် ၁ - ၀ ဇေယျာရွှေမြေ

ရန်ကုန်အသင်းမှာ နည်းပြအပြောင်းအလဲရှိနေပေမယ့် အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူးဆီဆာခြေစွမ်းပြပြီး ဂိုးတွေသွင်းယူနေပါတယ်။ ဇေယျာရွှေမြေအသင်းကတော့ ဒုတိယအကျော့ကစားတဲ့ နှစ်ပွဲစလုံးနိုင်ပွဲမရသေးဘဲ ရှုံးပွဲကြုံတွေ့ထားပါတယ်။ အဲဒီနှစ်ပွဲစလုံး ရှေ့တန်းက ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် နောက်တန်းအမှားတွေကြောင့် ရှုံးနိမ့်ခဲ့တာဖြစ်ပြီး ဒီပွဲမှာလည်း ရန်ကုန်အသင်းရဲ့ တိုက်စစ်ကို အသည်းအသန် ထိန်းချုပ်ရဖွယ်ရှိပါတယ်။ ရန်ကုန်အသင်းကလည်း အဝေးကွင်းတွေဆို ရလဒ်ကောင်းလေ့မရှိတာရယ်၊ ဇေယျာရွှေမြေကလည်း သုံးပွဲဆက်မရှုံးအောင် အိမ်ကွင်းပရိသတ်များရှေ့မှာ အသည်းအသန် ကြိုးစားကစားမှာတွေရယ်ကြောင့် သရေကျဖို့များပြီး ဧည့်သည်ရန်ကုန်အသင်းနိုင်ပွဲလည်း ရသွားနိုင်ပါတယ်။

ကမ္ဘောဇ - ချင်း (စနေနေ့) (တောင်ကြီးကွင်း) (ညနေ ၃း၃၀နာရီ)
ပ-ကျော့ရလဒ်
ကမ္ဘောဇ ၆ - ၂ မောရဝတီ

ကမ္ဘောဇအသင်းနည်းပြသစ် ဆီဗာဂျီအတွက်တော့ ဒီပွဲဟာ ပထမဆုံးအိမ်ကွင်းပွဲဖြစ်ပါတယ်။ ချင်းအသင်းကတော့ အခုချိန်ထိ နိုင်ပွဲမရသေးဘဲ ပြီးခဲ့တဲ့ပွဲမှာလည်း ရန်ကုန်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ထားပါတယ်။ အသင်းကစားပုံ တက်လာတယ်ဆိုပေမယ့် အခုချိန်ထိ ဂိုးရဖို့အတွက် ရုန်းကန်ရတုန်းပါပဲ။ ကမ္ဘောဇအသင်းကတော့ မြန်မာနေရှင်နယ်လိဂ်မှာ အိမ်ကွင်းအကောင်းဆုံးအသင်းဖြစ်ပြီး ဒီပွဲမှာလည်း ချင်းအသင်းကို သေချာပေါက်အနိုင်ယူမှာပါ။

ရောဝတီ - မောရဝတီ (စနေနေ့) (သုဝဏ္ဏကွင်း) (ညနေ ၄ နာရီ)
ပ-ကျော့ရလဒ်
မောရဝတီ ၀ - ၃ ရောဝတီ

အရင်တစ်ပတ်ကပွဲမှာ ဇွဲကပင်နဲ့ သရေကျပြီး ရောဝတီအသင်းရဲ့နိုင်ပွဲဆက် စံချိန်ရပ်တန့်သွားပါပြီ။ ရောဝတီအသင်းဟာ မနှစ်ကရာသီလို ခြေစွမ်းတည်ငြိမ်မှု မရှိသလို ဂိုးသွင်းအားလည်း ပုံမှန်မရှိတာကို တွေ့ရပါတယ်။ မောရဝတီအသင်းကတော့ ပြီးခဲ့တဲ့ပွဲမှာ မကွေးလိုအသင်းမျိုးဆီက သရေတစ်မှတ်ရအောင်ယူနိုင်ပြီး ကစားပုံလည်း ကောင်းလာပါတယ်။ ဒီပွဲမှာတော့ နှစ်သင်းစလုံးဟာ ရည်မှန်းချက်ကိုယ်စီအတွက် အကြိတ်အနယ်အားထည့် ကစားမှာဖြစ်တာကြောင့် မထင်မှတ်ဘဲ သရေကျသွားနိုင်ပြီး ဧရာဝတီအသင်း သုံးမှတ်ရသွားဖို့များပါတယ်။

ဟံသာဝတီ - ဇွဲကပင် (စနေနေ့) (အောင်ဆန်းကွင်း) (ညနေ ၄ နာရီ)
ပ-ကျော့ရလဒ်
ဇွဲကပင် ၁ - ၀ ဟံသာဝတီ

ပ-ကျော့ဒီနှစ်သင်းတွေ့ဆုံစဉ်ကလည်း အကြိတ်အနယ်ကစားခဲ့ကြပြီး ဂိုးသမားရဲ့အမှားကြောင့်သာ ဟံသာဝတီအသင်း အနိုင်ရခဲ့တာပါ။ ဇွဲကပင်အသင်းကတော့ နိုင်ငံခြားကစားသမားအသစ်တွေ ခြေစွမ်းပြမှုနဲ့အတူ အရင်တစ်ပတ်ပွဲမှာ ဧရာဝတီလိုအသင်းမျိုးကို နောက်ကနေလိုက်ပြီး သုံးဂိုးစီသရေကျအောင် ကစားပြထားနိုင်ပါတယ်။ လက်ရှိ ခြေစွမ်းတွေအရတော့ သရေကျဖို့များပြီး အနိုင်ဆိုရင်တော့ ခြေတက်နေတဲ့ ဇွဲကပင်ပါ။

ပြည်တွင်းပြည်ပ အားကစား သတင်းများ

နေပြည်တော် - ရက္ခပူရ (တနင်္ဂနွေနေ့) (နေပြည်တော်ကွင်း) (ညနေ ၄ နာရီ)
ပ-ကျော့ရလဒ်
ရက္ခပူရ ၂ - ၂ နေပြည်တော်

လက်ရှိအချိန်မှာတော့ နှစ်သင်းစလုံး ခြေစွမ်းတက်နေပြီး အရင်တစ်ပတ်ကပွဲတွေမှာ နိုင်ပွဲအသီးသီးရထားပါတယ်။ ရက္ခပူရအသင်းကတော့ နည်းပြသစ် ဦးဟန်ထွန်းလက်ထက်မှာ ခြေစွမ်းအကောင်းဆုံးပြနေပြီး ဂိုးသွင်းအားပါ တက်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း နေပြည်တော်အသင်းက အိမ်ကွင်းပွဲတွေမှာဆို တစ်ပွဲသာရှုံးသေးတာကြောင့် သရေကျဖို့များပြီး အနိုင်ဆိုရင်တော့ အိမ်ရှင်နေပြည်တော်ပါ။

မကွေး - မနောမြေ (တနင်္ဂနွေနေ့) (သုဝဏ္ဏကွင်း) (ညနေ ၄ နာရီ)
ပ-ကျော့ရလဒ်
မနောမြေ ၀ - ၀ မကွေး

ပ-ကျော့မှာ ခြေစွမ်းပြနိုင်သလောက် ဒုတိယအကျော့မှာ ပုံမှန်ခြေစွမ်း မရသေးတဲ့ အသင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံတဲ့ပွဲပါ။ မကွေးအသင်းဟာ ကိုနေးခြေစွမ်းမပြနိုင်တဲ့ပွဲတွေဆို ဂိုးရဖို့ခက်သလို မနောမြေအသင်းကလည်း အဆာလေ ခြေစွမ်းမပြနိုင်တဲ့ပွဲတွေဆို ဂိုးရလေ့မရှိပါဘူး။ ဒီပွဲမှာလည်း ပ-ကျော့ရလဒ်အတိုင်း ထပ်ဖြစ်ဦးမှာပါ။

ဆောက်သမ်းမြန်မာ - ရတနာပုံ (တနင်္လာနေ့) (သုဝဏ္ဏကွင်း) (ညနေ ၄ နာရီ)
ပ-ကျော့ရလဒ်
ရတနာပုံ ၁ - ၀ ဆောက်သမ်းမြန်မာ

ရတနာပုံအသင်းကတော့ ကစားပုံအကောင်းကြီးမဟုတ်ပေမယ့် နိုင်ပွဲတွေရနေပြီး အမှတ်ပေးဇယားထိပ်ဆုံးကို ဦးဆောင်နေပါတယ်။ ဆောက်သမ်းအသင်းကတော့ ခြေစွမ်းမမှန်ဘဲ ကောင်းလိုက်ညံ့လိုက်ပါ။ ဒါပေမယ့် ထုံးစံအတိုင်း အသင်းကြီးတွေနဲ့ တွေ့တဲ့ပွဲဆို ခြေစွမ်းပြနိုင်လေ့ရှိပါတယ်။ အစဉ်အလာအရလည်း ရန်ကုန်မြေမှာ ဆောက်သမ်းအသင်းနဲ့ ကန်တဲ့ပွဲဆို ရတနာပုံအသင်း ရုန်းကန်ရလေ့ရှိပြီး ဒီပွဲမှာလည်း သရေကျဖို့များပါတယ်။ ဇော်မင်းအောင်(၁၀၇)

ဘောလုံးအဖွဲ့ချုပ်က ဂျိုးဘာတန်အား ၁၂ ပွဲပယ် ပြစ်ဒဏ်ချမှတ်

လန်ဒန် မေ ၂၄

ကျူပီအာအသင်း ခေါင်းဆောင် ဂျိုးဘာတန်သည် မန်စီးတီးကစားသမား သုံးဦးအား ကြမ်းတမ်းစွာပြုမူခဲ့သည့် ၎င်း၏လုပ်ရပ်များကြောင့် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ၁၂ ပွဲပယ် ပြစ်ဒဏ်ချမှတ်လိုက်ပြီဖြစ်သည်။

အသက် (၂၉)နှစ်အရွယ်ရှိ ကျူပီအာ ကွင်းလယ်ကစားသမား ဂျိုးဘာတန်သည် ကျူပီအာအသင်းက မန်စီးတီးအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်၏ နောက်ဆုံးပွဲစဉ် (၃၈)တွင် မန်စီးတီးတိုက်စစ်မှူး ကားလို့တီဗက်စ်အား တံတောင်ဖြင့်တွက်ခဲ့သောကြောင့် ပရီမီယာလိဂ်ရာသီတွင် ဒုတိယအကြိမ်အနီကတ်ပြ ထုတ်ပယ်ခြင်းခံခဲ့ရပြီး လေးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

ကျူပီအာ အသင်းခေါင်းဆောင် ဂျိုးဘာတန်သည် မန်စီးတီးတိုက်စစ်မှူး ဆာဂျီယိုအဂူရိုအား ခြေဦးဖြင့် ကန်ခဲ့မှုနှင့် မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီအား ခေါင်းဖြင့်ထိုးတိုက်ရန် ကြိုးစားခဲ့မှုတို့ကြောင့် ဘောလုံးအဖွဲ့ချုပ်က စွဲချက်နှစ်ခုဖြင့် နောက်ထပ်ရှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

၁၂ ပွဲပယ် ပြစ်ဒဏ်ချမှတ် ခံခဲ့ရသည့် ကျူပီအာအသင်း အသင်းခေါင်းဆောင် ဂျိုးဘာတန်။

အဆိုပါ စွဲချက်နှစ်ခုဖြင့် အက်ဖ်အေက ၁၂ ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့သည့်အပြင် ဒဏ်ကြေးအဖြစ် ပေါင် ၇၅၀၀၀ ကိုလည်း ဒဏ်တပ်ခဲ့သည်။ ကျူပီအာ ကွင်းလယ်ကစားသမား ဂျိုးဘာတန်သည် မန်စီးတီးတိုက်စစ်မှူး ဆာဂျီယိုအဂူရိုအား ခြေဦးဖြင့် ကန်ခဲ့ခြင်းကို ဝန်ခံခဲ့သော်လည်း မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီအား ခေါင်းဖြင့်ထိုးတိုက်ရန် ကြိုးစားခဲ့ခြင်းကိုမူ ငြင်းဆိုခဲ့သည်။

ထို့ကြောင့် ဂျိုးဘာတန်၏ အပြုအမူနှင့် ပတ်သက်၍ အသေးစိတ်စုံစမ်းစစ်ဆေးမည်ဆိုသော်လည်း အက်စ်အေက ၁၂ ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းကြောင့် ကျူပီအာအသင်းဥက္ကဋ္ဌ တွန်နီဖာနန်ဒက်နှင့် အသင်းနည်းပြ မာ့ဟူချ်တို့က ဂျိုးဘာတန်၏ ကိစ္စနှင့်ပတ်သက်၍ မည်သည့်ဝေဖန်မှုမှ လုပ်ဆောင်မည်မဟုတ်ကြောင်း အတိအလင်း ပြောကြားခဲ့သည်။ ***အင်တာနက်။***

တောရက်စ်နှင့် မာတာ စပိန်အသင်း၌ ပါဝင်လာဖွယ်ရှိနေ

စပိန် မေ ၂၄

စပိန်အသင်းသည် ယူရို ၂၀၁၂ ပြိုင်ပွဲအကြိုအဖြစ် ယှဉ်ပြိုင်ကစားမည့် ဆားဘီးယား၊ တောင်ကိုရီးယားအသင်းများနှင့် ချစ်ကြည်ရေးခြေစမ်းပွဲများ၌ ချန်ပီယံလိဂ်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး တောရက်စ်နှင့် မာတာတို့အား စပိန်အသင်းအတွက် ကစားသမားထပ်မံအားဖြည့်လိုက်ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး တောရက်နှင့် မာတာတို့အတွဲအား စပိန်အသင်းနည်းပြ ဒယ်လ်ဘိုစကေးက အသင်း၏ ပဏာမကစားသမား ၂၁ ဦး စာရင်းတွင် အစောပိုင်းက ချန်လှပ်ထားခဲ့သည်။ သို့သော် ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဖလား ရရှိခဲ့ပြီးနောက် တောရက်စ်နှင့် မာတာတို့အား စပိန်အသင်းအတွက် ထပ်မံအင်အားဖြည့်လိုက်ကြောင်း သိရသည်။

စပိန်အသင်းနည်းပြ ဒယ်လ်ဘိုစကေးက ချယ်လ်ဆီးကစားသမား ဖာနန်ဒိုတောရက်စ်နှင့် မာတာတို့အား ဖိတ်ခေါ်ထားပြီး ဖြစ်သောကြောင့် အဆိုပါ ကစားသမားနှစ်ဦးသည် မေ ၂၅ ရက်တွင် အသင်းသို့ ဆက်သွယ်လာလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စပိန်အသင်းသည် ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် နောက်ဆုံးကစားသမား ၂၃ ဦးစာရင်းကို ထုတ်ပြန်မည်ဖြစ်ပြီး ယူရို ၂၀၁၂ ပြိုင်ပွဲမတိုင်မီ ဆားဘီးယား၊ တောင်ကိုရီးယား အသင်းတို့နှင့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ချယ်လ်ဆီးကစားသမားနှစ်ဦး ပါဝင်လာရန် သေချာကြောင်း စပိန်အသင်းနည်းပြ ဒယ်လ်ဘိုစကေးက ထုတ်ဖော်ပြောကြားခဲ့သည်။ ***အင်တာနက်။***

နိုင်လင်းကြည်

စပိန်အသင်းအတွက် ကစားသမားထပ်မံ အားဖြည့်မည့် ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး တောရက်စ်နှင့် မာတာ။

ရွှေထုတ်လုပ်မှုလုပ်ငန်း၊ လုပ်ကိုင်သည့် ကုမ္ပဏီများအတွက် သတိပေးကြော်ငြာချက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေသတ္တုအသေးစား ထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွှေသတ္တုအသေးစားတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ပေးသွင်းရမည့် (၁၄)ပဲရည်နှင့်အထက် ရွှေစင်သတ္တုများ သတ်မှတ်ချက်အတိုင်း ပေးသွင်းရမည်ထက် လျော့နည်းပေးသွင်းခြင်း၊ လုံးဝပေးသွင်းမှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်သို့ရွှေစင်သတ္တုများပေးသွင်းရန် ကျန်ရှိနေကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အကြောင်းကြားခဲ့ပါသည်။ အလားတူ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည့်(၁၆) ပဲရည် ရွှေစင်သတ္တုများကို ပေးသွင်းရန် အချို့သောကုမ္ပဏီများမှ ကျန်ရှိနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ ကုမ္ပဏီများအနေဖြင့် အထက်ပါ ဘဏ္ဍာရေးနှစ်များအတွင်း လုပ်ငန်းသဘောတူစာချုပ်ပါ သတ်မှတ်ထားသည့် ရွှေစင်သတ္တုများ အပြည့်အဝပေးသွင်းရန် တာဝန်ရှိသည့်အလျောက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထွေထွေမန်နေဂျာရုံးနှင့် တာဝန်ခံရုံးများမှ အကြိမ်ကြိမ်နှိုးဆော်အကြောင်းကြားခဲ့သော်လည်း ကုမ္ပဏီများမှ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်သတ္တုများအား ၁၈-၅-၂၀၁၂ရက်အထိ ပေးသွင်းခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၄-၅-၂၀၁၂ ရက်မှ ၃၀-၅-၂၀၁၂ ရက်အတွင်း အောက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုမ္ပဏီများသည် ပေးသွင်းရန် ကျန်ရှိသည့် ရွှေစင်သတ္တုများအား အပြီးပေးသွင်းသွားရန်နှင့် ပေးသွင်းခြင်းမရှိပါက တည်ဆဲတရားဥပဒေများ၊ လုပ်ငန်းစာချုပ်တွင် ပါရှိသည့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း အရေးယူ ဆောင်ရွက်သွားမည့်အပြင် သက်ဆိုင်ရာ ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်း (Black List) ကြေညာသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

ကချင်ပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ကံကောင်းသောပဒုမ္မာ	ဦးလှထူး	၂၈.၅၀
၂	ကမ္ဘာ့ခြေလှမ်း	ဦးဘောက်ဆိုင်း	၂၀.၀၀
၃	ကြယ်ဝါ	ဦးဂျာဂွန်း	၃၄.၅၀
၄	ကျောက်စိမ်းဘုရင်	ဒေါ်ဂျာဘူး	၁၃.၃၈
၅	ကောင်းမြတ်ပြည့်စုံ	ဦးဇော်လိ	၁၉.၃၈
၆	ခင်ရတနာအောင်	ဦးဝင်းမြင့်ဆွေ	၂၃၉.၆၉
၇	ခရအိမ်	ဒေါ်ယိမ်းနမ်	၄၂.၅၀
၈	ချမ်းမြေ့	ဦးကျော်စိုး	၄၁.၂၅
၉	ဂျာရူဂေါင်း	ဦးချန်ခေါ	၂၈.၇၅
၁၀	ဂျိတ်လင်း	ဦးရွက်ဇော်ခေါင်း	၂၃၀.၈၁
၁၁	စဉ်ကြိုင်	ဒေါ်ခေါင်းနော်	၂၁.၂၅
၁၂	စိုပြေအောင်	ဦးရုံစိန်	၃၀.၆၃
၁၃	စိမ်းမြတ်မွန်	ဦးစိုးနိုင်	၁၅.၉၄
၁၄	ဆွေရတနာ	ဒေါ်လှဲ့လှဲ့ဆွေ	၉၂.၈၁
၁၅	ဇေယျာလှိုင်	ဦးတင်ဝင်း	၅၄.၃၈
၁၆	တွယ်ဆန်	ဦးဇော်ဝင်း(ခ)ဦးပဲအောင်	၃၅.၃၁
၁၇	တိမ်နဂါးနှစ်ကောင်	ဦးချင်းဖာ	၇၉.၁၃
၁၈	ထက်ကောင်းကျော်	ဦးယဉ်ထွေး	၂၂၄.၇၅
၁၉	ထွန်းတင့်ရွှေဝါ	ဦးတင်ဦးမောင်	၂၀.၆၃
၂၀	ထက်ဝေဖြိုး	ဦးအောင်လ	၃၂.၈၁
၂၁	ထွန်းလှဲ့ခိုင်	ဦးတင်မောင်ညွန့်	၂၃.၄၄
၂၂	ထွန်းထွန်းအောင်	ဦးအောင်နိုင်ဦး	၂၈.၁၃
၂၃	ထင်ပေါ်ကျော်ကြား	ဦးထွန်းလင်း	၁၄၇.၄၄
၂၄	နမ့်နာစံပြ	ဦးနေလင်းဦး	၄၀.၀၀
၂၅	နော့သင်းစတား	ဦးမြင့်သိန်း	၃၃.၂၈
၂၆	ပင်လယ်နေကြယ်	ဦးခမိုင်မုံဂမ်း	၃၃၀.၆၃
၂၇	ပန်းမြတ်မာလာ	ဒေါ်ခေါ်မိုင်	၄၉.၅၆
၂၈	ဖြိုးဝေသီရိ	ဦးတင့်ဆွေ	၉၆.၁၃
၂၉	မြောက်ပိုင်းသရဖူ	ဦးမိုးကျော်သူဆွေ	၂၅.၇၅
၃၀	မြန်မာနွယ်ဝင်း	ဦးဝင်းနိုင်	၄၀.၉၄
၃၁	မြန်မာအောင်မိုးဟိန်း	ဦးအောင်လှ	၁၅.၀၀
၃၂	မြောက်ပိုင်းတော်ဝင်မြေ	ဦးပါးရိုင်အောင်	၂၁.၇၅
၃၃	မြန်မာမိုးသောက်ကြယ်	ဦးတူးဂျာ	၁၄.၀၉
၃၄	မိုးသောက်ကြယ်မင်း	ဦးအောင်အောင်ဦး	၁၈.၄၄
၃၅	မြန်မာရွှေရတနာဟိန်း	ဦးမျိုးခင်	၉.၃၈
၃၆	မြန်မာကံ့ကော်	ဒေါ်အေးအေးဝင်း	၅၉.၁၉
၃၇	မြန်မာရွှေရတနာ	ဒေါ်ထူးရော်	၉၃.၀၀
၃၈	မိုးသောက်ကြယ်သစ်	ဦးခွန်စည်သူသွင်	၃၂.၈၁
၃၉	မြကိုးသွယ်	ဒေါ်ဟေမာ	၃၁.၅၀
၄၀	မြန်မာစံတော်ဝင်	ဦးသန်းနိုင်	၁၁၄.၃၁
၄၁	မင်းသိန်းကြီး	ဦးမောင်အေး	၂၄.၃၈
၄၂	မင်းမင်းမော်	ဒေါ်စန်းမြင့်မော်	၄၆.၅၀
၄၃	မနောရတနာ	ဦးမြင့်ဇော်	၃၄.၆၉
၄၄	ရွှေပစ်မှတ်	ဦးဖုန်းကျော်စိုး	၅၁.၉၆
၄၅	ရွှေပြည့်ဖြိုး	ဦးစက်မောင်	၂၆.၂၅
၄၆	ရွှေချစ်သူ	ဦးအေးသောင်း	၃၆.၈၁
၄၇	ရွှေခြူးသံသာ	ဦးငွားဝ	၈၀.၇၂
၄၈	ရွှေအောင်မိုင်	ဦးအောင်တူး	၁၈၁.၉၁
၄၉	ရွှေထူး	ဦးငွေ	၃၂.၈၁
၅၀	ရှင်ဗွေယန်တိုးတက်ရေး	ဦးဇော်ထွန်းအောင်	၁၂၃.၃၄
၅၁	ရွှေရတနာစိုး	ဦးစိုးမြင့်ထွန်း	၂၆.၂၅
၅၂	ရတနာဂုဏ်ဆောင်သုံးပန်လှ	ဦးကျော်ကိုကို	၇.၅၀
၅၃	ရွှေရတနာရွှေ	ဦးဉာဏ်လင်းထွန်း	၃၉.၀၆
၅၄	ရတနာလယ်မြေ	ဦးအောင်ကျော်မြင့်	၇.၅၀
၅၅	ရွှေရာသီ	ဦးကျော်ငွေ	၁၀၄.၅၀
၅၆	ရွှေတီထိုက်	ဦးဇော်မင်းထိုက်	၁၈.၇၅
၅၇	ရွှေဝင်းထက်	ဦးသက်နိုင်ကို	၇၀.၆၃
၅၈	ရွှေလရိပ်	ဦးကျော်ကိုကို	၁.၈၈
၅၉	ရွှေသိုက်စံ	ဒေါ်သီရိပြည့်	၃၂.၅၀
၆၀	ရှင်းသန့်ချမ်းသာ	ဦးခင်မောင်	၃၂.၁၃
၆၁	ရွှေပါရမီ	ဦးစောအေးချမ်း	၁၇.၃၈
၆၂	ရွှေခိုဝိုင်း	နန်ဆီဆိုင်လုမိုင်	၂၂.၅၀
၆၃	ရွှေပြည်စကြာ	ဒေါ်စောစန္ဒာမြင့်	၁၉.၆၉
၆၄	ရွှေသပြေအောင်	ဦးမိုးခိုင်	၂၅.၄၄
၆၅	ရက္ခမူ	ဒေါ်အေးမြအောင်	၁၁.၀၀
၆၆	ရွှေဝန်ပေါင်	ဒေါ်တောင်နွယ်	၁၅.၃၁
၆၇	ရွှေဝင်းဝါရွှေ	ဦးတင်ငွေ	၇.၅၀
၆၈	ရွှေဟွ	ဦးချစ်ကို	၂၂.၅၀
၆၉	ရွှေလင်းမာ	ဦးစိုင်းခမ်းလိတ်	၃၃.၃၈
၇၀	ရွှေနှင်းမှုံ	ဦးဇော်စိုင်း	၉.၃၈
၇၁	ရွှေတိုက်စိုး	ဦးအောင်ဇော်မိုး	၉.၈၈
၇၂	ရွှေဇမ္ဗူ	ဦးအောင်လွှန်းမောင်	၁.၈၈
၇၃	ရတနာဆုံမှတ်	ဦးစိုင်းကျော်ဝင်း	၅၀.၂၅
၇၄	ရွှေသိဒ္ဓိရှင်	ဦးထွန်းထွန်းလွင်	၁၆.၀၀
၇၅	ရွှေဆည်တော်ဝင်	ဒေါ်စီစီမြင့်	၂၈.၁၀
၇၆	ရောင်ခြည်နဂါး	ဦးအိုက်စန်း	၄၁.၈၈
၇၇	ရွှေတာပိန်	ဦးဉာဏ်သိမ်း	၁၆၆.၂၆
၇၈	ရွှေအသစ်စတင်ချိန်	ဦးမြင့်လွင်	၂၆.၆၆
၇၉	ရွှေမြနန္ဒာ	ဦးနိုင်နိုင်ဦး	၂၂.၃၉
၈၀	ရွှေပင်လယ်နတ်သမီး	ဒေါ်မြတ်မြတ်ဆင့်	၂၅.၃၁
၈၁	ရာနှုန်းပြည့်	ဦးတင်ငွေ	၅၂၄.၃၈
၈၂	ရွှေကဝါး	ဦးဆန်းကို	၃.၀၀
၈၃	လက်ရွေးစင်	ဦးယဉ်ကြားသိန်း	၃၉.၈၈
၈၄	လာဘ်မိုးလျှံ	ဦးအေးခိုင်	၁၅.၆၃
၈၅	လေးကျွန်းအောင်လံ	ဦးနေဖြိုးဟန်	၇၁.၇၅
၈၆	ဝေမြင့်စံသာ	ဦးမောင်မောင်မြင့်ဝင်း	၇၂.၃၄
၈၇	ဝင်းအိ	ဒေါ်မာလာဝင်း	၇.၅၀
၈၈	သမုဒ္ဒရာနတ်သမီး	ဦးနေမျိုး	၉၅.၆၃
၈၉	သိန်းထက်လျှံ	ဦးကျော်လင်းနိုင်	၁၀၇.၅၀
၉၀	သတ္တုစိမ်း	ဦးဇော်ဝင်းထွဋ်	၇၃.၁၃
၉၁	သိန်းသန်းသူ	ဦးခင်ဇော်လင်း	၃၄.၇၅
၉၂	ဟိန်းနိုင်စိုး	ဦးချစ်ကို	၁၀၁.၈၁
၉၃	အောင်မြင်ကံကောင်း	ဒေါ်သူသူငြိမ်း	၃၅.၂၅
၉၄	အစိမ်းရောင်နယ်မြေ	ဦးသန့်ကျော်ဇင်	၆၂.၇၅
၉၅	အမေ့ကျေးဇူး	ဒေါ်ဂျာစန်းခွမ်း	၇၅.၁၃
၉၆	အတ္တာဝါရွှေစင်	ဦးအေးချို	၃၀.၀၀
၉၇	အံ့ဖွယ်ကမ္ဘာ	ဦးခွန်စည်သူသွင်	၂၆.၂၅
၉၈	အားလက်ရုံး	ဒေါ်ခင်အိအိထွန်း	၁၈.၇၅
၉၉	အောင်သစ်လွင်	ဦးမြင့်ဇော်	၄၅.၆၃
၁၀၀	အောင်ငွေဦး	ဦးသက်နိုင်ဝင်း	၈.၀၀
၁၀၁	အောင်ပွဲဝင်	ဦးလင်းထူး	၈၁.၂၅
၁၀၂	အောင်ဟိန်းရှိန်ဖြိုး	ဦးမျိုးမြင့်ဦး	၉၆.၈၈
၁၀၃	အောင်မြင့်စံ	ဦးအောင်ဆန်းမြင့်	၅၀.၃၁
၁၀၄	အောင်မြင်သူ	ဒေါ်သွယ်သွယ်ငြိမ်း	၄၆.၈၈
	စုစုပေါင်း		**၅၈၀၈.၂၇**

ကရင်ပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ကျော်လွှမ်းမိုး	ဦးကျော်လွှမ်းမိုး	၄၀၂.၅၀
၂	စံပြရွှေ	ဦးဆွေလင်း	၁၉၅.၀၀
၃	မြတ်အိန္ဒြေ	ဒေါ်နန်းနုနုထွေး	၁၁၅၃.၈၁
၄	ယူနိုက်တက် KMK	ဦးခင်မောင်ကျော်	၂၉၂.၅၀
၅	ရွှေကျင်သား	ဦးမြမောင်	၂၂.၅၀
၆	ရတနာမင်း	ဦးနိုင်လင်းထွန်း	၃၂.၅၀
၇	ရာစုနှစ်တောက်ပသောရွှေ	ဦးကျော်သူရ	၃၂.၅၀
၈	အေးကိုမိသားစု	ဦးအေးကို	၆၅၀.၀၀
၉	ဥဒါန်းသစ်	ဒေါ်အိန္ဒြေမြတ်သူ	၃၁၀.၀၀
	စုစုပေါင်း		**၃၀၉၁.၃၁**

စစ်ကိုင်းတိုင်းဒေသကြီး

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	(၁၁)ခုမြောက်ကြယ်	ဦးစိုးလွင်	၃၉.၂၈
၂	ကဝိမွန်	ဦးလှသွင်	၂၁.၂၁
၃	ကံကောင်းခြင်းထာဝရအားမာန်	ဒေါ်ယမင်းကေခိုင်	၁၇၉.၃၈
၄	ကဥ္စနဒေဝီ	ဦးတင်နွယ်	၆၀.၅၅
၅	ကံကောင်းသောအရှေ့	ဦးရင်ရီဘော	၈၁.၆၆
၆	ခုနှစ်နှစ်ခုနှစ်	ဦးတင်ရွှေ	၁၉.၁၄
၇	ခိုင်ရွှေငြိမ်းအေး	ဦးမောင်ခိုင်	၁၀.၇၂
၈	စွမ်းထက်ဝင်း	ဦးအောင်ဆန်းဝင်း	၁၃.၃၈
၉	စိန်ထက်ဝင်း	ဦးငွေလွင်	၅၂.၆၅
၁၀	စိုးထက်ဝေ	ဦးစိုးနိုင်	၄၅.၄၃
၁၁	စိန်မြလွင်	ဦးစက်လွင်	၄၂၆.၃၃
၁၂	စံရွှေပြည်	ဦးမင်းဇော်	၆၁.၈၂
၁၃	စိမ်းရွှေဝါနဒီ	ဦးဝင်းကျော်	၂၅၀.၉၁
၁၄	စိန်ရွှေဖြူ	ဦးထွန်းထွန်းအောင်	၁၂၈.၈၈
၁၅	စိန်မိုးငွေ	ဦးညိုဆောင်	၇.၅၀
၁၆	ငွေဝင်းထွန်း	ဦးတင်စိုး	၂၆၈.၂၇
၁၇	ဌာနေအောင်	ဦးမောင်မောင်တိုး	၁၄၂.၅၆
၁၈	ထွန်းရန်နိုင်	ဦးရန်နိုင်	၃၅.၆၄
၁၉	နှင်းရောင်မြေ	ဦးယဉ်ကျော်	၁၇.၉၄
၂၀	ပိုင်စိုးခန့်	ဦးစိန်ဝင်း	၁၆.၀၇
၂၁	ပင်လယ်နေကြယ်	ဦးခမိုင်မုံဂွမ်း	၅၁.၀၅
၂၂	ပြည်တန်ရတနာ	ဦးနိုင်အောင်လင်း	၄၅.၃၈
၂၃	ပန်းမြတ်မာလာ	ဒေါ်ခေါ်မိုင်	၃၂.၆၃
၂၄	ဖြူဝါရောင်ရွှေ	ဦးမြင့်သိန်း	၈၉.၄၇
၂၅	ဗိုလ်သိုင်းနှင့်ညီများ	ဦးသိုင်းဝင်း	၁၀.၈၉
၂၆	ဘူးဂါး	ဒေါက်တာလဂျာ	၁၂၉.၉၈
၂၇	မင်းဝင်းစိုး	ဦးမင်းစိုး	၁၄၄.၆၀
၂၈	မြန်မာစီးပွားဆက်	ဒေါ်စန်းသီတာစိုး	၄၅.၄၅
၂၉	မန္တလေးမိုင်းနင်း	ဦးရှိန်းထက်နောင်	၃၃၅.၁၃
၃၀	မြန်မာရှမ်းကျီလုံ	ဦးအားခမ်း	၁၁.၂၅
၃၁	မူးမြစ်ဖျား	ဦးထိန်ဝင်း	၃၁.၇၂
၃၂	မိုးဟိန်းထွန်း	ဦးငွေဝင်း	၄၇.၀၇
၃၃	မြန်မာရွှေတံခါး	ဦးစန်းဝင်း	၂၈.၂၃
၃၄	မြန်မာရွှေသင်္ဂီ	ဦးကျင်မောင်	၂၈.၃၂
၃၅	မြန်မာမိုးသောက်ကြယ်	ဦးတူးဂျာ	၁၇.၆၃
၃၆	မိုးကြိုးခြင်္သေ့	ဦးကျော်သူရ	၁၀၁.၀၂
၃၇	မြန်မာထိပ်တန်းရွှေ	ဦးမျိုးထွန်း	၇၅.၀၀
၃၈	မြင့်မြတ်သော တွင်းထွက်ကမ္ဘာ	ဦးဇေယျ	၅၁.၉၆
၃၉	မြန်မာရွှေဝါ	ဒေါ်ခရေမွှန်	၄.၀၀
၄၀	ရောင်ခြည်နဂါး	ဦးအိုက်စန်း	၃၈.၉၅
၄၁	ရှမ်းကတူး	ဦးစန်းလွင်	၃၉၆.၁၆
၄၂	ရတနာချင်းတွင်း	ဦးသိန်းအောင်	၄၂၇.၃၂
၄၃	ရွှေမဲဇာ	ဦးဝင်းအောင်	၃၁.၂၇

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၄၄	ရွှေစန္ဒီ	ဒေါ်စောကလျာ	၃.၂၈
၄၅	ရွှေတော်	ဦးခင်မောင်သန်း	၂၁.၄၃
၄၆	ရွှေပြည့်လျှံ	ဦးဇော်ဝင်းမောင်	၃၇.၂၉
၄၇	ရွှေစင်ကမ္ဘာ	ဦးဇော်တောင်	၂၆.၇၂
၄၈	ရှင်းသန့်အောင်မြင်	ဦးသက်တင်	၁၁၆.၁၅
၄၉	ရွှေမြနန္ဒာ	ဦးနိုင်နိုင်ဦး	၁၄၁.၅၅
၅၀	ရွှေဝတီ	ဦးခင်မောင်ဆွေ	၆၈၆.၈၃
၅၁	ရွှေစင်မိုး	ဒေါ်သိန်းဝင်း	၃၆၉.၂၃
၅၂	ရွှေစေတီဆိပ်	ဦးသောင်းတန်	၂၆၂.၇၆
၅၃	ရွှေနှံ့သာအောင်	ဦးဖေမြင့်	၁၄၁.၇၈
၅၄	ရွှေပြည်စံအောင်	ဦးစံလှမောင်	၁၂.၄၄
၅၅	ရွှေကျော်ထွန်း	ဦးလှမြင့်	၁၄.၂၃
၅၆	ရွှေငုဝါရွှေ	ဒေါ်ရင်သောင်း	၆၁.၅၉
၅၇	ရွှေဝင်းထွန်းအောင်	ဦးနေဝင်းအောင်	၁၉၃.၂၃
၅၈	ရွှေတောင်ကြား	ဦးကျော်သူရ	၅၈.၂၄
၅၉	ရွှေစင်ဟိန်း	ဒေါ်ဖွေးအိမွန်	၆၄.၅၃
၆၀	ရွှေတက်ရောင်	ဦးကျော်ဝင်းထူး	၂၉.၂၆
၆၁	ရွှေလက်ပံသာ	ဦးရန်ခိုလွန်း	၁၇၂.၄၄
၆၂	ရွှေချင်းတွင်း	ဒေါ်စိုးယုဝေ	၁၀၅.၇၁
၆၃	ရွှေသပြေမိုး	ဦးထွန်းကြည်	၂၉.၃၃
၆၄	ရွှေတိုးတက်အောင်	ဒေါ်အေးအေးသန်း	၁၉.၁၆
၆၅	ရွှေဆွေထွန်း	ဦးထွန်းစီ	၄၉.၀၆
၆၆	ရွှေကျော်မိုး	ဦးကျော်ညွန့်	၁၉.၆၁
၆၇	ရွှေစပါး	ဦးရှင်ဖူး	၁၄၂.၃၉
၆၈	ရွှေစိမ်းမြ	ဦးချိန်းဟိုင်း	၁၂၅.၄၅
၆၉	ရွှေသံတောင်မြောက်ပိုင်း	ဦးကိုကြီး	၈၁.၇၂
၇၀	ရွှေသမာဓိ	ဦးကျော်သူ	၄၃.၃၁
၇၁	ရွှေဝင်းဝင်းထွန်း	ဦးစိန်ဝင်းမောင်	၆.၇၅
၇၂	ရွှေတက်ဟိန်း	ဦးမရမ်ဂန်	၁၀၆.၃၅
၇၃	ရွှေထိပ်ပန်	ဦးငွေးလွင်	၄၈.၇၅
၇၄	ရွှေတိုး	ဒေါ်နန်းလှ	၁၅.၅၀
၇၅	ရွှေရောင်ကောင်းသောမိတ်ဆွေ	ဦးကျော်စိုး	၁၄၄.၈၄
၇၆	ရတနာလယ်မြေ	ဦးအောင်ကျော်မြင့်	၁၀၈.၈၄
၇၇	ရွှေတာပိန်	ဦးဉာဏ်သိန်း	၄၁.၉၈
၇၈	ရွှေပွား	ဦးအိုက်ရီ	၉၃.၄၉
၇၉	ရွှေဥက္ကာပျံ	ဦးဇော်မင်းထွန်း	၇၃.၆၇
၈၀	ရွှေအုပ်စိုး	ဦးသန်းထွဋ်	၅၄.၇၈
၈၁	ရွှေဝင့်ဝါအောင်	ဦးနိုင်ဦး	၈၁.၉၈
၈၂	ရွှေနွဲ့ခမ်း	ဦးအောင်မြင့်	၂၉.၄၄
၈၃	ရွှေမင်းကြီး	ဦးထန်းဖေ	၆၇.၆၁
၈၄	ရွှေမြရိပ်	ဒေါ်စုစုလှိုင်	၁၁၀.၉၃
၈၅	ရွှေငွေးဗမာ	ဦးဝေလွင်ကျော်	၁၄၃.၈၈
၈၆	လင်းလဲ့စိမ်း	ဦးစိုးနိုင်	၁၅၂.၆၁
၈၇	လင်းဖြိုး	ဦးစိုင်းအောင်မြ	၃.၇၅
၈၈	ဝင်းဝါရွှေစင်	ဦးမြင့်ရောင်	၁၇၆.၇၅
၈၉	ဝင်းဇရာဝတီ	ဦးလှတောင်	၁၈၃.၈၁
၉၀	ဝင်းနှင့်ပြည့်ဖြိုး	ဦးခင်ကျော်	၁၈၀.၉၇
၉၁	ဝီရိယစက်မှု	ဦးဇော်ဝင်းသိန်း	၅၅.၂၀
၉၂	ဝိုင်းမြင့်မြတ်	ဦးမြင့်ဝိုင်း	၄၉.၁၇
၉၃	သတ္တုစိမ်း	ဦးဇော်ဝင်းထွဋ်	၁၃၀.၉၃
၉၄	သလ္လာရွှေစင်	ဦးအောင်သိန်းမြင့်	၂၀၀.၂၀
၉၅	သုဝဏ္ဏရာဇာ	ဦးနု	၃၉.၇၄
၉၆	သိင်္ဂီရွှေစင်	ဦးအောင်သိန်းမြင့်	၃၆.၂၃
၉၇	သန်းထိုက်လူ	ဦးစန်းဝင်း	၄၂.၃၅
၉၈	သစ္စာမြေ	ဦးဟန်ဝင်းနိုင်	၁၁.၂၅
၉၉	သာလွန်	ဦးသန်းငွေး	၅၈.၂၈
၁၀၀	သီဟသန့်ဟိန်း	ဦးဘိုဘိုကျော်	၂၂.၅၀
၁၀၁	သံမဏိသခင်	ဦးလင်းထင်	၂၉.၀၀
၁၀၂	သီရိအောင်လှိုင်	ဦးသိန်းထွန်းအောင်	၁၀၆.၂၄
၁၀၃	ဟိန်းနိုင်စိုး	ဦးချစ်ကို	၁၀၉.၀၃
၁၀၄	ဟိန်းရာဇာ	ဦးတင်မောင်ဆွေ	၁၁၀.၀၅
၁၀၅	အေးအေးခိုင်	ဦးစိုးနိုင်	၂၅၃.၉၉
၁၀၆	အံ့ဖွယ်ကမ္ဘာ	ဦးခွန်စည်သူသွင်	၁၁၅.၈၆
၁၀၇	အောင်ဇေယျတင်ထွန်း	ဦးခင်မောင်ဝင်း	၃၄.၀၈
၁၀၈	အောင်မြင့်စံ	ဦးအောင်ဆန်းမြင့်	၁၂၉.၄၉
၁၀၉	အောင်သုခလင်း	ဦးဝင်းထက်အောင်	၅၃.၄၀
၁၁၀	အောင်ဖူးပွင့်	ဦးအဲချို(ခ)အောင်သန်းမြင့်	၅၂.၄၂
၁၁၁	အောင်ဇမ္ဗူရာဇ်	ဦးမောင်မောင်လေး	၃၆.၀၀
၁၁၂	အကောင်းဆုံးရွှေ	ဦးသန်းမောင်	၃၀.၄၆
၁၁၃	အာရှအဆင့်မြင့်	ဦးစစ်သွေးမွန်	၆၀.၀၀
၁၁၄	ဧရာဝတီမြစ်ဖျား	ဦးချမ်လန်	၁၀၇.၁၆
၁၁၅	ဧရာရွှေဝါ	ဒေါ်ခင်နှင်းသန္တာ	၂၀.၆၃
	စုစုပေါင်း		**၁၀၈၀၂.၈၃**

တနင်္သာရီတိုင်းဒေသကြီး

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ရွှေစင်တောင်	ဦးကျော်လွင်	၁၅.၈၃
၂	ရွှေဘုန်းသစ်	ဦးတင်ဇော်လင်း	၄၈.၈၃
	စုစုပေါင်း		**၆၄.၆၆**

ပဲခူးတိုင်းဒေသကြီး

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ခမ်းဝါ	ဒေါ်ရီရီ	၅၅.၁၃
၂	တော်ဝင်ပါရမီ	ဦးသန်းထွဋ်	၁၀.၀၀
၃	မြတ်အိန္ဒြေ	ဒေါ်နန်းနုနုထွေး	၁၂၀.၀၀
၄	မြစိမ်းရောင်ကျွန်း	ဦးကျော်ချစ်ရှိန်	၆.၀၀
၅	ရွှေကျင်သား	ဦးမြမောင်	၁၁၉.၈၀
၆	အေးမြပြည့်စုံ	ဦးစိန်လှိုင်	၂၉၆.၅၇
၇	အောင်မြင်ချမ်းသာ	ဦးစောဘန်နီချစ်	၆၅.၆၃
	စုစုပေါင်း		**၆၇၃.၁၂**

မန္တလေးတိုင်းဒေသကြီး(စဉ့်ကူးမြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	စိန်ငွေးရွှေ	ဦးစိန်မောင်	၄၅.၀၀
၂	စံဝင်းမိသားစု	ဒေါ်ခင်အုန်းမြင့်	၄၅.၀၀
၃	တောနော်ထူး	ဦးစောမောင်မောင်	၄၀.၀၀
၄	နီလာနှင်းဆီ	ဒေါ်ဝင်းကြွယ်ကြွယ်	၂၀၂.၅၀
၅	မေတ္တာရှင်	ဦးအောင်ကျော်ဝင်း	၃၅.၆၃
၆	ရွှေစစ်သည်	ဦးထွန်းမောင်	၁၀.၃၀
၇	ရွှေကျားမင်း	ဦးဝင်းထိန်	၁၈.၆၉
၈	ရတနာလယ်မြေ	ဦးအောင်ကျော်မြင့်	၃၄၆.၉၂
၉	ရွှေစံပယ်ဦး	ဒေါ်ရင်ရင်ရွှေ	၄၀.၈၆
၁၀	ရာသက်စံ	ဦးခင်ဇော်	၄၅.၀၀
၁၁	ရွှေပြည့်အိမ်	ဦးအောင်ဇင်ဖြိုး	၄၇.၉၆
၁၂	ရွှေဝင်းနိုင်	ဦးသိန်းနိုင်	၅.၆၃
၁၃	သိင်္ဂီအောင်	ဦးဖုန်းညွန့်	၃၈.၉၁
၁၄	အရှေ့တိုင်းသား	ဦးသန်းနိုင်	၁၃၁.၂၇
၁၅	Silver Wave	ဦးမင်းမင်းအောင်	၂၉.၉၈
	စုစုပေါင်း		**၁၀၈၃.၆၅**

မန္တလေးတိုင်းဒေသကြီး(ရမည်းသင်းမြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ကြယ်ငါးပွင့်	ဦးအိုက်ကျော်	၉၁.၇၆
၂	ကောင်းစက်မှုလက်မှု	ဦးစိုးဦးထိုက်	၆၈.၈၅
၃	ဂျူလိုင်မိုး	ဦးအောင်မျိုးဝင်း	၄၀.၄၃
၄	စူးစမ်းလေ့လာ	ဦးအူမာဖာရွတ်	၃၀.၆၃
၅	စိန်ထီးနန်း	ဦးထွန်းထွန်းဦး	၂၂.၈၈
၆	ဇေယျာလှိုင်	ဦးတင်ဝင်း	၉၇.၅၀
၇	တော်ဝင်ခနေ	ဦးမျိုးမြင့်	၈၆.၇၂
၈	နေရွှေငွေ	ဦးကျော်လွင်	၁.၈၈
၉	ပန်းမြတ်ရာဇာ	ဒေါ်ခင်မာလွင်	၉၀.၅၀
၁၀	ပန်းပွင့်	ဦးဝင်းကြည်	၁၀၅.၉၄
၁၁	မြကျွန်းညိုညို	ဦးကျော်ချစ်ရှိန်	၂၆.၂၅
၁၂	ရွှေရောင်ကောင်းကင်	ဦးမင်းကျော်အောင်	၅၃.၁၃
၁၃	ရွှေ ၂၁ရာစု	ဒေါ်အေးအေးဝင်း	၄၆.၄၁
၁၄	ရာမညအင်တာနေရှင်နယ်	ဦးနိုင်လရီကောင်း	၆၀.၄၇
၁၅	ရွှေရအောင်ပြည့်	ဦးဆန်းဝင်း	၃၅.၃၁
၁၆	ဝင်းမြိုင်	ဦးဝင်းမြိုင်	၂၅.၈၈
၁၇	သိဒ္ဓိရွှေစင်	ဒေါ်ကြည်ကြည်ဝင်း	၄၇.၃၄
၁၈	အေးငြိမ်းမွန်	ဦးမြင့်ဝင်း	၉၂.၃၄
၁၉	အောင်နေလ	ဦးမြင့်သိန်း	၃၄.၆၉
၂၀	အမြဲမှန်	ဦးခွန်ယု	၃၅.၆၃
	စုစုပေါင်း		**၁၀၆၀.၃၅**

မန္တလေးတိုင်းဒေသကြီး(သပိတ်ကျင်းမြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ချိုရဲ	ဦးအေးကျန်	၃၈.၈၁
၂	ဂိုလ်းဝင်းနား	ဦးကျော်စိုး	၁၁.၁၃
၃	စိန်ထီးနန်း	ဦးထွန်းထွန်းဦး	၆၇.၃၈
၄	စိန်ဝါလင်း	ဦးစံလှ	၂၁.၅၇
၅	စိမ်းရတနာ	ဦးအေးကျန်	၁၆.၈၈
၆	ပြည့်ဖြိုးလင်းခိုင်	ဦးဘိုနီ	၂၆.၀၀
၇	ရွှေမြနန္ဒာ	ဦးနိုင်နိုင်ဦး	၃၄.၅၅
၈	ရွှေသီဟမြန်မာ	ဦးစန်းနိုင်	၁၂.၃၉
၉	ရွှေစိမ်းရောင်	ဦးလောက်စန်း	၅၇.၄၈
၁၀	ရှမ်းရိုးမအေးချမ်းရေး	ဦးစိုင်းမွန်	၇.၇၃
၁၁	ရွှေခြသေ့	ဦးကျော်တင်ဝင်း	၃.၇၅
၁၂	ဝေယံဦး	ဦးတင်မျိုးနွယ်	၈၂.၅၀
၁၃	ဟောင်တာ	ဦးဟောင်ဝင်းဟုန်(ခ)ဦးဝင်းဟောင်	၂၀.၅၉
၁၄	အောင်ရွှေငါး	ဒေါ်ရှောက်ထောက်	၁၃.၁၃
	စုစုပေါင်း		**၄၁၃.၈၇**

မန္တလေးတိုင်းဒေသကြီး(သာစည်မြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ဆန်းလင်း	ဦးမြင့်ဦး	၂၆.၈၈
	စုစုပေါင်း		**၂၆.၈၈**

မွန်ပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ပန်းပွင့်	ဦးဝင်းကြည်	၂၂.၅၀
၂	မိုးလွင်	ဒေါ်မိုးမိုးထွန်း	၂၁.၇၇
၃	ရွှေငွေရတနာကမ္ဘာ	ဒေါ်မြင့်မြင့်အေး	၅၆.၂၅
၄	အောင်နေလ	ဦးမြင့်သိန်း	၁၄.၁၈
	စုစုပေါင်း		**၁၁၄.၇၀**

ရှမ်းပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ကျဆီး	ဦးကျဆီး	၃၀.၅၀
၂	ခုနစ်ခုသောရာစု	ဦးခွန်စည်သူသွင်	၂၃.၁၃
၃	ထက်ကောင်းကျော်	ဦးယဉ်ထွေး	၂၃.၁၃
၄	ပြည့်ထွန်းရှိန်	ဦးထွန်းရှိန်	၁၉.၀၀
၅	မြန်မာထာဝရတည်တံ့သော	ဦးခွန်စည်သူသွင်	၂၃.၁၃
၆	ရွှေကျွဲ	ဦးဇော်ဝင်း	၈၆.၂၅
၇	အောင်စစ်သွေး	ဦးခွန်စည်သူသွင်	၂၃.၁၃
၈	အောင်နိုင်	ဦးဘောစောချိန်	၅၈.၇၅
၉	ASA Mining	ဦးစိုင်းအောင်စိန်	၇၆.၈၈
	စုစုပေါင်း		**၃၆၃.၈၈**

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ လွှဲပြောင်းပေးပြီးဖြစ်

လုပ်ငန်းရှင်များ အတ္တပရမှုတစ္စာ ဆောင်ရွက်၊ ရေလုပ်သားများ အုပ်စုဖွဲ့ဥပဒေမဲ့ရှာဖွေစားသောက်ခြင်း မပြုရန်လို

နေပြည်တော် မေ ၂၄

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် မေ ၂၂ ရက်တွင် ကျုံပျော်မြို့နယ် အင်းရဲကျွန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ စာဖြူစု၊ သက်န်းကျောင်း၊ ကျွန်းဦး၊ အုန်းတောစု၊ အိုင်တောင်နှင့် ကျွန်းအင်းကျေးရွာတို့မှ ဒေသခံရေလုပ်သားများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အုပ်ချုပ်မှုအခွင့်အာဏာဖြင့် ပြောင်းလဲနိုင်သည့်ကိစ္စရပ်များကို တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုအစိုးရ အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရသစ်ဖွဲ့စည်းပြီးချိန်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အနေဖြင့် ရေချိုငါးလုပ်ငန်းနှင့် ပတ်သက်သော ဂရန်အင်း၊ တင်ဒါ၊ ဘုံငါးဖမ်းကွက်(ကိရိယာ)ဖြင့် ဖမ်းဆီးလုပ်ကိုင်ခွင့်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၅၆ (က)နှင့်(ခ)အရ လွှဲပြောင်းလုပ်ကိုင်ခွင့် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏အကျိုးစီးပွားတစ်ခုတည်းကိုသာ ဦးတည်ဆောင်ရွက်ခြင်းမပြုဘဲ အတ္တပရ မှုတစ္စာဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အင်းအားအမှီပြု၍ လုပ်ကိုင်စားသောက်နေရသော ရေလုပ်သားများ အနေဖြင့်လည်း အုပ်စုဖွဲ့ဥပဒေမဲ့ ရှာဖွေစားသောက်ခြင်းများ မပြုလုပ်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျုံပျော်မြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းကုန်းမြို့နယ် သမဝါယမဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား တွေ့ဆုံသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့

တွေ့ဆုံမှာကြား

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျုံပျော်မြို့နယ် အင်းရဲကြီးကျေးရွာ ရေလုပ်သားများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ZETA GROUP အဖွဲ့တွေ့ဆုံ

ရေယာဉ်များ၌ LPG/CNG ပြောင်းလဲတပ်ဆင်အသုံးပြုရေးဆွေးနွေး

နေပြည်တော် မေ ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား အီတလီနိုင်ငံအခြေစိုက် ZETA GROUP ဥက္ကဋ္ဌ Mrs.Donatella Zingone Dini ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေ ၄ နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး ယခုအခါ လောင်စာဆီရှားပါးမှုနှင့် ဈေးနှုန်းမြင့်တက်မှုများ၊ လောင်စာဆီသုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများရှိကြောင်း၊ ZETA GROUP အနေဖြင့် လောင်စာဆီအစားထိုး၍ ဈေးနှုန်းသက်သာသော သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနည်းပါးသော LPG/CNG များ ပြောင်းလဲအသုံးပြုရန် အဆင့်မြင့် နည်းပညာများဖြင့် ဆောင်ရွက်နေမှုများ၊ ယခုခရီးစဉ်အတွင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် သင်္ဘောတစ်စင်း၌ LPG Dual Fuel စနစ်ပြောင်းလဲတပ်ဆင်ခြင်းကို ZETA မှ ပညာရှင်များ၊ မြန်မာအင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းနှင့် LPG/CNG နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန်အတွက် မြန်မာအင်ဂျင်နီယာအသင်းနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ယခုအပတ်အတွင်းပြုလုပ်ရန် စီစဉ်ထားရှိမှု၊

စာမျက်နှာ ၉ ကော်လံ ၅ သို့

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား အီတလီနိုင်ငံ အခြေစိုက် ZETA GROUP ဥက္ကဋ္ဌ Mrs.Donatella Zingone Dini ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

မိုးတုပန်တီးမှုနည်းပညာ ပိုမို အသုံးချနိုင်ရေး တရုတ်နိုင်ငံ ကြိုးပမ်းမည်

နိုင်ငံတကာသတင်း စာမျက်နှာ ➢ ၄

အမေရိကန်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးကို နောက်ခံပြုထားသည့် ဇာတ်ကားဖြင့် ကန်းရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသည့် ဘရက်ဒ်ပစ်

နိုင်ငံတကာအနုပညာ စာမျက်နှာ ➢ ၈

ဘောလုံးအဖွဲ့ချုပ်က ဂျိုးဘာတန်အား ၁၂ ပွဲပယ် ပြစ်ဒဏ်ချမှတ်

ပြည်ပအားကစားသတင်း စာမျက်နှာ ➢ ၁၀

AYA Futsal Cup 2012 ပြိုင်ပွဲ ဖွင့်ပွဲ Old Stars နှင့် Actor အသင်းတို့ သရုပ်ပြခြေစမ်းမည်

ပြည်တွင်းအားကစား စာမျက်နှာ ➢ ၁၀

အာကာသအခြေစိုက် နေစွမ်းအင်ထုတ်လုပ်ရေးကိရိယာကို သရုပ်ဖော်ရေးဆွဲထားစဉ်။

အင်တာနက် အာကာသသိပ္ပံသတင်း

ဘာသာပြန် သတင်းလုလင်

အာကာသအခြေစိုက် နေစွမ်းအင် အနာဂတ်ကာလ၌ ရေပန်းစားဖွယ်ရှိ

လန်ဒန် မေ ၂၄

အနာဂတ်ကာလတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် အာကာသအခြေစိုက် နေရောင်ခြည်စွမ်းအင်ကို ထုတ်ယူသုံးစွဲလာကြဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံ စကော့တလန်ဒေသ ဂလပ်စကိုမြို့ရှိ စထရက်ချိုက် တက္ကသိုလ်မှ သုတေသီများ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

အာကာသအတွင်း နေစွမ်းအင်ကို စုဆောင်းရယူပေးမည့် ကိရိယာ တစ်မျိုးကို ဗြိတိသျှသုတေသီများက တီထွင်ထုတ်လုပ်နိုင်ရန် လေ့လာလျက်ရှိကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့

ယနေ့ မိုးလေဝသအခြေအနေ

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ကလေးဝမြို့၊ မုံရွာမြို့၊ မြင်းခြံမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၃ ဒသမ ၄၂ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ လောင်းလုံမြို့တွင် သုည ဒသမ ၉၁ လက်မနှင့် မုဒုံမြို့တွင် သုည ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။